ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-2-2007) (၅၂၂၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆေးဝန်ထမ်းတပ်ဖွဲ့ကို ခေတ်နှင့်ရင်ပေါင်တန်းနိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိ ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါကာကွယ်နှိမ်နင်းရေး စသည့်ကဏ္ဍပေါင်းစုံ ဟန်ချက်ညီညီ တိုးတက်ဖို့လို သုတေသနလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်လုပ်ဆောင်ရင်း တွေ့ရှိချက်များကို ပြန်လည်အသုံးချ

ရန်ကုန် ဖေဖော်ဝါရီ ၆

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၊ ဆေးနှင့်ဆေးပစ္စည်းပြပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၊ ဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင် စာတမ်းပေါင်း ၃၈ စောင်၊ ပိုစတာ ၁၂ ခု၊ Symposium သုံးခု၊ Forum တစ်ခု၊ Clincopathological Conference တစ်ခုအပြင် ဆေးဝန်ထမ်းတပ်ဖွဲ့က ပါရဂူကြီးများနှင့် အရှေ့တောင်အာရှအတွင်း အထင်ကရ ဆေးရုံကြီးများမှ ဆရာဝန်ကြီးများ ဟောပြောဆွေးနွေးမည့် Academic Talk ကိုးခုပါဝင်။

တက်ရောက်

(၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တပ်မတော်အရာရှိကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိဆေးရုံ၊ ဆေးတပ်ရင်းများမှ တပ်မှူးများ၊ ပါရဂူများ၊ သူနာပြုအရာရှိများ၊ အုပ်ချုပ်မှုအရာရှိများ၊ တပ်မတော် ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါရဂူများ၊ ဘွဲ့လွန် သင်တန်းသားအရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များ၊ သုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** *

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၂-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမှန်ကန်ရေး ကြိုးပမ်း ပြည်သူများအား ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်

ယနေ့အချိန်အခါသည် ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းနိုင်ရန် ဘက်စုံကဏ္ဍစုံ၌ ပြုပြင်ပြောင်းလဲတည်ဆောက်နေချိန် ဖြစ်ရာ တရားရေးအပိုင်းနှင့် စပ်လျဉ်း၍ မှန်ကန်သွက်လက် တရားမျှတစွာ တရားစီရင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

တရားရုံးများသည် ပြည်၏မျက်စိ၊ ပြည်၏ကြေးမုံများ ဖြစ်သည်နှင့်အညီ ပြည်သူများ၏ဘဝကို မှန်မှန်ကန်ကန် ရှုမြင်စာနာပြီး အဂတိလိုက်စားမှု ကင်းရှင်းစွာ စီရင်ဆုံးဖြတ်ကြရမည်ဖြစ်သည်။ သို့မှသာ ဥပဒေသည် ပြည်သူများအတွက်ဖြစ်လာပြီး တရားရုံးများနှင့် တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများကို ပြည်သူများက ယုံကြည်အားကိုးလာကြမည်ဖြစ်သည်။

တရားရေးနှင့် ဆက်စပ်နေသည့် တာဝန်ရှိသူများ၊ တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများ၊ ရဲအရာရှိများ၊ ရှေ့နေများသည် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြည်သူများ လေးစားယုံကြည် ထိုက်သော သိက္ခာ၊ကိုယ်ကျင့်တရားများရှိရန် စောင့်ထိန်းကြရမည့်အပြင် ခေတ်အမြင်၊ ခေတ်အတွေးဖြင့် မြော်မြင်စီရင် ဆုံးဖြတ်ကြရမည်ဖြစ်သည်။

ထို့အပြင် တရားရုံးများသည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်၍ ရပ်ရွာအေးချမ်းသာယာရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် နိုင်ငံရေးအမြင်၊ ဥပဒေရေးရာအမြင်တို့ဖြင့် ပူးပေါင်းညှိနှိုင်း ဖော်ဆောင်သွားကြရမည်ဖြစ်သည်။

စစ်မှန်သော ဒီမိုကရေစီလူနေမှုဘဝနှင့် ကိုက်ညီ သောအစဉ်အလာ၊ အလေ့အထကောင်းသည့် တရားရေးစနစ် အခြေခိုင်ရေး ကြိုးပမ်းထူထောင်သွားကြရမည်ဖြစ်သည်။ တရားသူကြီးများက တရားခွင်ကို ဥပဒေနှင့်အညီ ထိန်းကျောင်းကြပြီး ဥပဒေဝန်ထမ်းများကလည်း ဥပဒေကို ပိုင်နိုင်တတ်သိ နားလည်စွာဖြင့် တရားခွင်နှင့် ပြည်သူများကို စောင့်ရှောက်ကူညီသွားကြရမည်ဖြစ်သည်။

သို့ဖြစ်၍ တရားရေးဆိုင်ရာပုဂ္ဂိုလ်များက နိုင်ငံတော်၏ မူဝါဒများနှင့်အညီ တည်ဆဲဥပဒေများကို ညီညွတ်မျှတစွာ ပုံဖော်ဆောင်ရွက်ကြခြင်းဖြင့် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာ မှန်ကန်လာမှုနှင့်အတူ ပြည်သူများက တရားဥပဒေကို လေးစားလိုက်နာ၊ တရားဥပဒေကလည်း ပြည်သူကို ကူညီစောင့်ရှောက် ကာကွယ်နိုင်ကာ ဒီမိုကရေစီလူနေမှုဘဝနှင့် ကိုက်ညီသော တရားရေးစနစ်ကို ထူထောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် လသာမြို့နယ် စဉ့်အိုးတန်းလမ်းနေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးတင်စိန်-ဒေါ်ညွန့်တင်၊ မြေး သက်စုဟန်၊ ဝေဖူးမြတ်ခိုင် မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်း အကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ဓသာရ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာ တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာ ပစ္ဆိမာရုံကျောင်းတိုက်အတွင်း၌ (၂၁)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို (တပေါင်းလဆန်း ၆ရက်မှ၁၂ရက်) ဖေဖော်ဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ရွှေရတနာဆရာတော်ဘဒ္ဒန္တ ကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇဓမ္မာစရိယ ဂဏဝါစကဓမ္မာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ထန်းတပင်မြို့နယ် ကိုကြီးရေတံခါးစီမံကိန်း စစ်ဆေး စီမံကိန်း ပြီးစီးပါက လယ်မြေဧက ၄၇၀၀ ကို အကျိုးပြုနိုင်မည်





ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ထန်းတပင်မြို့ ကိုကြီး ရေတံခါးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထန်းတပင်မြို့အနီး၌ ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုကြီးရေတံခါး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စီမံကိန်းပြီးစီးပါက လယ်မြေဧက ၄၇၀၀ ကို အကျိုးပြုမည့်အခြေအနေတို့ကိုလည်းကောင်း၊ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးလွင်က ကျွန်းငူလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ လယ်မြေများအတွက် စိုက်ပျိုးရေ ပေးဝေနိုင်မှု အခြေအနေကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင်က မြို့နယ်အတွင်း နွေစပါး စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးရေ ရရှိမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စီမံကိန်း အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန်၊ တောင်သူများအနေဖြင့် အနိမ့်ရေတင်စက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးကို တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး စီမံကိန်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် စီမံကိန်းလုပ်ငန်းခွင်အနီးရှိ လယ်မြေ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဒိုချက်ကင်းဝါးရုံမြေ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ကုန်ကျစရိတ်သက်သာပြီး စပါးအထွက်တိုးစေသည့် ဒိုချက်ကင်း ဝါးရုံမြေသဘာဝမြေဩဇာကို ပြုလုပ်သုံးစွဲကြရန် မှာကြားကာ ဒိုချက်ကင်း သဘာဝမြေဩဇာ ပြုလုပ်ရာတွင် သုံးစွဲရသည့် တင်းလဲရည်များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် လယ်မြေအတွင်းနွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှု၊ အနိမ့်ရေတင်စက်ဖြင့် လယ်မြေအတွင်း စိုက်ပျိုးရေပေးသွင်းနေမှုနှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ ကျွန်းငူလျှပ်စစ် မြစ်ရေတင်စီမံကိန်း ပင်မမြောင်းမကြီးတစ်လျှောက် ရေသွင်း၍ လယ်မြေအတွင်း စိုက်ပျိုးရေ ပေးသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း တိုးချဲ့ဆောက်လုပ်နေမှုနှင့်လူနာဆောင်များကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှိ Computer Application Room၊ Computer Instruction Room၊ Language Labနှင့် Reading Cornerတို့ကို လိုက်လံကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ခေတ်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းကိရိယာများနှင့် မပြတ်ထိတွေ့ သင်ယူခွင့် ရရှိအောင် စီမံဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက မြို့နယ်ပြည်သူ့ဆေးရုံအတွက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက လှူဒါန်းသည့်ဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးဘကြည်-ဒေါ်အေးမြင့် မိသားစု၊ မြို့နယ်သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီနှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများက ငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းကြရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးက လက်ခံသည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ခနဲရိုကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာရှိ လျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးသွင်းနေမှု၊ တီကောင်စွန့်ပစ်သဘာဝမြေဩဇာနှင့် ဒိုချက်ကင်းဝါးရုံမြေ သဘာဝမြေဩဇာ ပြုလုပ်ပြသထားရှိမှု၊ နွေစပါးခင်းများအတွင်း အနိမ့်ရေတင်စက်၊ ခြေနင်းရေတင်စက်၊ လက်နှိပ်ရေတင်စက်နှင့် ခန့်တို့ဖြင့် စိုက်ပျိုးရေပေးသွင်းနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ အနိမ့်ရေတင်စက်၊ ခြေနင်းရေတင်စက်နှင့် လက်နှိပ်ရေတင်စက်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြရေး မှာကြားကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် သံပုရာကုန်းကျေးရွာ၊ ရွာသစ်ကြီးကျေးရွာနှင့် ထိန်တပင်ကျေးရွာများရှိ ဒေသခံတောင်သူများက အနိမ့်ရေတင်စက်များဖြင့် နွေစပါးခင်းများအတွင်း စိုက်ပျိုးရေပေးသွင်းနေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တန့်ဆည်မြို့နယ်အသင်း အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၆

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ နယ်မှဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်ပွဲ၊ ၇၅ နှစ်အထက် သက်ကြီးဂါရဝပြုပွဲနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ အမှတ်စာရင်းအလိုက် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်း ၃ လမ်းရှိ အသင်းတိုက် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော အသင်းသူ၊ အသင်းသားများ၏ သားသမီးများ အမှတ်စာရင်းမိတ္တူနှင့်တကွ ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထား၍ အသင်းတိုက်ဓမ္မာရုံသို့ ပေးပို့ကြပါရန်နှင့် အသင်းဝင်များ၊ အသင်းဝင်မဟုတ်သူများအား ဖိတ်ကြားထားပြီး ဒု-ဥက္ကဋ္ဌ ဦးချစ်မွေး ဖုန်း-၆၄၀၂၂၃၊ အတွင်းရေးမှူး ဦးကျော်ဒင် ဖုန်း-၆၅၁၁၈၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

တရားရုံးချုပ်ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းရသော တရားရုံးများ၌ အဂတိတရားကင်းရှင်းပြီး တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှု စသည့် လောကပါလတရားများ ဦးထိပ်ထား၍ ပြည်သူများ၏ ယုံကြည်အားကိုးမှုရရှိစေမည့် ဥပဒေနှင့်အညီ တရားစီရင်သောစနစ် ဖြစ်ထွန်းရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းရည်မှန်းချက် မပျောက်ပျက်စေရန်အတွက် တရားရုံးချုပ်က အစဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးအနက် တစ်ဦးဦးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးရာတွင် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေးတို့ကိုလက်ခံရယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသော ပြုလုပ်မှုများကို လုပ်ကိုင်လျှင်သော်လည်းကောင်း ထိခိုက်နစ်နာသူကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်သည်။

ယင်းတို့မှာ တရားသူကြီးချုပ် ဖုန်း-၀၆၇-၄၀၄၀၈၀၊ ဒုတိယတရားသူကြီးချုပ် ဖုန်း-၀၆၇-၄၀၄၀၇၁၊ ၀၁-၃၇၂၁၄၅၊ ဒုတိယတရားသူကြီးချုပ် ဖုန်း-၀၂-၃၂၁၅၄၊ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၄၀၇၈၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၄၀၆၇၊ ဖက်(စ်) ၀၆၇-၄၀၄၀၅၉၊ တရားရုံးချုပ် ရုံးအမှတ်(၂၄) နေပြည်တော်တို့ ဖြစ်သည်။

ယင်းသို့ တိုင်ကြားလာလျှင် တရားရုံးချုပ်က မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူသွားမည်ဖြစ်သည်။ ပြည်သူများကလည်း မှန်မှန်ကန်ကန်တိုင်ကြားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန် နှိုးဆော်ထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရှေ့နေချုပ်ရုံးဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန်လည်းကောင်း၊ အများပြည်သူတို့၏ ယုံကြည်အားကိုးသည့် ဥပဒေရုံးများဖြစ်ပေါ်လာစေရန်လည်းကောင်း၊ အများပြည်သူအတွက် ဥပဒေပါ ဝန်ဆောင်မှုပေးနိုင်ရန်လည်းကောင်း ရှေ့နေချုပ်ရုံးက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းတစ်ဦးဦးအနေဖြင့် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်ထက်ပြုမှုများပြုလုပ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်ခြင်းများကို လုပ်ကိုင်သည့်အတွက် ထိခိုက်နစ်နာသူများသည် ကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်သည်။

ယင်းတို့မှာ ရှေ့နေချုပ် ဖုန်း-၀၆၇-၄၀၄၀၈၈၊ ဒုတိယရှေ့နေချုပ်များ ဖုန်း-၀၆၇-၄၀၄၀၉၀၊ ၀၆၇-၄၀၄၀၉၂၊ ၀၆၇-၄၀၄၀၉၄၊ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၄၀၉၇၊ ဖက်(စ်) ၀၆၇-၄၀၄၁၄၆၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၄၁၄၇၊ဖက်(စ်) ၀၆၇-၄၀၄၁၀၆ ရှေ့နေချုပ်ရုံး ရုံးအမှတ်(၂၅) နေပြည်တော်တို့ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတရားရုံးချုပ် ရှေ့နေများကောင်စီဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆိုတိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်သည် အများပြည်သူယုံကြည်အားကိုးသည့် တရားရေးမဏ္ဍိုင် ခိုင်မာစေရေးအတွက် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများကောင်စီအနေဖြင့်လည်း ရှေ့နေရှေ့ရပ်များကို အများပြည်သူအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ကြရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တရားရုံးချုပ်ရှေ့နေတစ်ဦးဦးသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာနှင့် တာဝန်ကို ဖောက်ဖျက်သည့်အပြုအမူတစ်စုံတစ်ရာကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်း ဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဥက္ကဋ္ဌ ဖုန်း-၀၆၇-၄၀၄၀၈၈၊ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၀၄၀၉၇၊ ဖက်(စ်) ၀၆၇-၄၀၄၁၄၆၊ မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများကောင်စီတို့ဖြစ်သည်။ (သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဇန်နဝါရီ ၂၇ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထက(၂) ပညာရည်ချွန်ဆုပေးပွဲတွင် ဆုရသူများအားလုံးအတွက် ပူတူတူးလေးစာအုပ်တိုက်မှ ကျပ်နှစ်သိန်းလေးသောင်းတန်ဖိုးရှိ ကလေးမဂ္ဂဇင်းအုပ်ရေ၄၀၀ကိုလှူဒါန်းရာကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြို့က အလှူရှင် အယ်ဒီတာချုပ် ဦးသန်းနိုင်(မြတ်သူစံ-ဝါးခယ်မ) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။(က-ပ)

ရခိုင်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရခိုင်သဟာယအသင်း(ရန်ကုန်) နှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့က ကြီးမှူးကျင်းပမည့် ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်တန်း ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ ကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဂုဏ်ပြုပွဲတွင် ရခိုင်ပြည်နယ်မှ ငါးဘာသာ၊ ခြောက်ဘာသာဂုဏ်ထူးရှင်များ၊ ဆိုကရေးတီးပြိုင်ပွဲ ဗဟိုအဆင့်(၁)၌ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ နိုင်ငံတကာအဆင့် (ပန်းချီ၊ အားကစား)ဆု ရရှိသူများနှင့် အသင်းဝင်သားသမီးများမှ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ရာ ပုဂ္ဂိုလ်တစ်ဦးချင်းမှ ဆုချီးမြှင့်လိုသူများသည် ဖေဖော်ဝါရီ ၁၄ရက်မတိုင်မီ ဦးကျော်ဇံလှ ဖုန်း-၅၅၆၂၂၁၊ ဦးရွှေသိန်းကျော် ဖုန်း-၂၄၆၁၈၉၊ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်လုံးအေးချမ်းသာ ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ရေစက်ချပွဲမင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာနှင့် ပဲခူးတိုင်း ပဲခူးမြို့နယ် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာကြီးတို့၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘန(မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်လျက် မတည်အလှူရှင်ဦးတင့်လွင်-ဒေါ်ကြူကြူသင်း(သီဟသုဓမ္မသီဂီ)ရှမ်းလေးပွဲရုံ မိသားစု ဘုရင့်နောင် ရန်ကုန်မြို့၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မမျိုးသန္တာထွန်း၊ သားမျိုးမောင်မောင်(မျိုးရုပ်ရှင်ထုတ်လုပ်ရေး) ရန်ကုန်မြို့၊ ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့၊ ရွှေမင်းဝံသာသနာ့ရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် စေတနာရှင်များ၏ စုပေါင်းကောင်းမှုဖြင့်တည်ထားသော ပြည်လုံးအေးချမ်းသာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးမှာ ပြီးစီးနေပြီဖြစ်၍ရွှေထီးတော်တင်လှူပွဲ၊ အထက်ဌာပနာတော်သွင်းလှူပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ကင်းဗယားကျေးရွာ ဓမ္မရက္ခိတ ကုန်းတော်ပေါ်တွင် ဖေဖော်ဝါရီ ၁၀ ရက် (စနေနေ့)၊ (၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်) နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မြင်းစီးအားကစားအဖွဲ့ချုပ်ရန်ပုံငွေ စင်တင်ဖျော်ဖြေပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ရန်ပုံငွေအတွက် စင်တင်ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၀ရက်(စနေနေ့)ညနေ ၆နာရီခွဲတွင် မြန်မာကွန်ဗင်းရှင်းစင်တာ MCC Hall ၌ကျင်းပမည်ဖြစ်သည်။ ရန်ပုံငွေဖျော်ဖြေပွဲကိုကြည့်ရှုအားပေးသူများသည် ဒဂုံစင်တာ၊ လပြည့်ဝန်းပလာဇာ၊ စိန်ဂေဟာ စူပါမတ်ကက် (ပြည်လမ်း)၊ ဆရာစံလမ်းရှိ Ko Ko Beauty Saloon နှင့် အင်းဝစာအုပ်တိုက် (ဆူးလေဘုရားလမ်း) တို့တွင် ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တိပိဋက ဓမ္မရက္ခိတအဖွဲ့ကြီးက အမှတ်(၁၅) ကြားတောရလမ်း ဗဟန်းတွင် ပိဋကသုံးပုံ ဖြေဆိုတော်မူမည့် ဆရာတော် သံဃာတော်များအား ဆရာဝန်ကြီးများက ကုသိုလ်ဖြစ်ကျန်းမာရေး စစ်ဆေးပေးကြစဉ်။ (က-ပ)

ဖခင်ကြူစင်ကြည်နှင့် မိခင် တန်ရှုအိန်တို့အားရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၇) လမ်းနေ သားသမီးမြေးမြစ်တစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇း၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄း၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄း၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅း၁၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅း၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅း၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅း၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၂။ မိုးလေဝသသတင်း
- **၆း၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆း၃၅** ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- **၇း၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့ သံစဉ်" (အပိုင်း-၁၈)**
- **၈း၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၈။ English Usage
  - ၁၉။ ဗွီစီဒီကျော်ကြားတေးများ
  - ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ"(အပိုင်း-၃)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

မီးသုံးစွဲလျှင် အသိယှဉ်၊ ဆင်ခြင်သတိ အမြဲရှိ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဈေးတစ်ဈေး၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်က လေကြောင်းမှ တိုက်ခိုက်၍ အီရတ်အရပ်သားနှစ်ဦး သေဆုံးရမှု မှားယွင်းပစ်ခတ်မိကြောင်း အမေရိကန်ဝန်ခံ

မာမူဒီယာ ဖေဖော်ဝါရီ ၅

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့်အင်္ဂါနေ့က အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားနှစ်ဦး သေဆုံးခဲ့ရခြင်းမှာ မိမိတို့၏ မှားယွင်းမှုကြောင့် ဖြစ်ရကြောင်း အမေရိကန် စစ်ဘက်အရာရှိများက တနင်္လာနေ့တွင် ဝန်ခံပြောကြားသည်။

အီရတ်နိုင်ငံ မာမူဒီယာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသားလေးဦး သေဆုံးခဲ့ရသည်။ သေဆုံးရသူများအနက် နှစ်ဦးမှာ စစ်သွေးကြွများဖြစ်ကြပြီး ၎င်းတို့သည် လမ်းဘေး၌ ဗုံးထောင်နေစဉ် ပစ်ခတ်ခံခဲ့ရကြောင်း အမေရိကန်တပ်ဖွဲ့က ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်တွင် မိမိတို့ဘက်မှ မှားယွင်းပစ်ခတ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်ဟုလည်း ပြောနိုင်ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်၏ တိုက်ခိုက်မှုနှင့်ပတ်သက်၍ အမှားအယွင်းရှိသည်ဟု အမေရိကန် စစ်ဘက်က ဝန်ခံခြင်းမှာ ရှားရှားပါးပါးဖြစ်ရပ်ဖြစ်သည်။ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုများအတွင်း အပြစ်မဲ့အရပ်သားများ သေဆုံးရမှုမှာ မထူးဆန်းတော့ဟု ပြည်သူများက ရှုမြင်ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်အစည်းအဝေး ကျင်းပပြီးစီး

စင်ကာပူ ဖေဖော်ဝါရီ ၅

အာဆီယံဒေသကို ခရီးသွားလုပ်ငန်း ဒေသတစ်ခုအဖြစ် ရောက်ရှိလာစေရန် မြှင့်တင်ဆောင်ရွက်ရေးအတွက် ရည်ရွယ်၍ စင်ကာပူနိုင်ငံ၌ ကျင်းပသော အာဆီယံခရီးသွားလုပ်ငန်း အစည်းအဝေးသည် ဖေဖော်ဝါရီ ၂ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။

၎င်းအစည်းအဝေးကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုတစ်ကြိမ်အပါအဝင် ၂၆ကြိမ် ရှိသွားပြီဖြစ်သည်။ အစည်းအဝေးသို့ အာဆီယံ ၁၀နိုင်ငံမှ ဝန်ကြီးများ၊ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ကြသည်။

ခရီးသွားလုပ်ငန်းအားကောင်းလာစေရန် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ခရီးသွားလုပ်ငန်းတွင်ဖြစ်ပေါ်နေသည့် အတားအဆီးများ လျှော့ချပေးခြင်း၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း တိုးတက်လာစေရန် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ဒေသတွင်း လာရောက်နိုင်စေရန်နှင့် ဒေသတွင်း တစ်နိုင်ငံမှတစ်နိုင်ငံ ကူးလူးသွားလာမှု လွယ်ကူစေရန် ဖန်တီးပေးခြင်း စသောရလဒ်များကို ယခုအစည်းအဝေးမှ ရရှိခဲ့ကြောင်း လမ်နီအိုချန်းကပြောကြားသည်။ ၎င်းသည် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ အကြီးအကဲဖြစ်သည်။

ထိုခရီးသွားလုပ်ငန်းအစည်းအဝေးသို့ အစိုးရဌာနကိုယ်စားလှယ်များ အပါအဝင်ခရီးသွားလုပ်ငန်းဆိုင်ရာကိုယ်စားလှယ်ပေါင်း၁၇၀၀တို့ပါဝင်တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယတွင် ဆိုနီအဲရစ်ဆင်ကုမ္ပဏီ လက်ကိုင်ဖုန်းထုတ်လုပ်မည်

စတော့ဟုမ်း ဖေဖော်ဝါရီ ၅

ဆွီဒင်-ဂျပန် ဖက်စပ်ဖုန်းထုတ်လုပ်သည့် ဆိုနီအဲရစ်ဆင်ကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် လက်ကိုင်ဖုန်း စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ဖက်စပ်ကုမ္ပဏီသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ချန်နိုင်းတွင် အခြေစိုက်ကာ အိန္ဒိယဈေးကွက်အတွက် မေလမှစတင်၍ လက်ကိုင်ဖုန်း စတင်ထုတ်လုပ်တော့မည်ဖြစ်သည်ဟု ကုမ္ပဏီက ထုတ်ပြန်သည့်သတင်းလွှာတွင် ဖော်ပြထားသည်။

အဆိုပါကုမ္ပဏီသည် ဖလက်ထရွန်နစ်နှင့် ဖလက်ကွန်ကုမ္ပဏီတို့နှင့် ၂၀၀၉ ခုနှစ်ထက် နောက်မကျဘဲ မိုဘိုင်းလ်ဖုန်း လုံးရေ ၁၀ သန်းထုတ်လုပ်ရန် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခဲ့သည်။

ဆိုနီအဲရစ်ဆင်ကုမ္ပဏီသည် အိန္ဒိယဈေးကွက်တွင် ၂၀၀၂ ခုနှစ်နောက်ပိုင်းကတည်းကရှိနေပြီး အိန္ဒိယနိုင်ငံ၌ ဂျီအက်စ်အမ်ဖုန်း အများဆုံးထုတ်လုပ်သည့်ကုမ္ပဏီဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မလေးရှားနိုင်ငံ ကူလင်းမြို့၌ ကျင်းပသည့် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်နေကြသူများကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးလက်ပြည်သူများ ရေသန့်ရရှိရေး တရုတ်အစိုးရ ဆောင်ရွက်မည်

ပေကျင်း ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံတွင် ကျေးလက်ပြည်သူများ ရေကောင်းရေသန့် ရရှိရေးအတွက် အစိုးရအဖွဲ့က လာမည့် ငါးနှစ်တာကာလအတွင်း ရေစီမံကိန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျေးလက်ပြည်သူ သန်း ၅၀၀ အထိ ရေကောင်းရေသန့် သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဆင်ကျန်းအူရီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရေကောင်းရေသန့် ရရှိရေး စီမံကိန်းအတွက် ယွမ်ငွေ သန်း ၂၇၀ ကျော် (အမေရိကန် ဒေါ်လာ ၃၅သန်းခန့်) ရန်ပုံငွေ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

နီပေါအလုပ်သမားများ တောင်ကိုရီးယားတွင် အလုပ် လုပ်ခွင့်ရမည်

ဆိုးလ် ဖေဖော်ဝါရီ ၅

တောင်ကိုရီးယား အစိုးရသည် အလုပ်သမား ဈေးကွက်အတွင်းသို့ နီပေါလူမျိုး အလုပ်သမားများ ဝင်ရောက်လာနိုင်စေရန် အခွင့်အလမ်းပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယား အလုပ်သမားဝန်ကြီး လီဆန်းသည် မကြာသေးမီက နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတွင် ပြည်ပအလုပ်သမားများ အလုပ်လုပ်ကိုင်လာနိုင်စေရန် လမ်းဖွင့်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

၎င်းသည် နီပေါတာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် အလုပ်လုပ်ကိုင်ခွင့် ပါမစ် ထုတ်ပေးရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ လုပ်ခလစာ ထိုက်ထိုက်တန်တန်ပေးသည့် တောင်ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် နီပေါအလုပ်သမားများက လိုလားကြသည်။ **အင်တာနက်။**

ဘိုလီးဗီးယားမြောက်ပိုင်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား

လီမာ ဖေဖော်ဝါရီ ၅

ဘိုလီးဗီးယားနိုင်ငံမြောက်ပိုင်း ဘီနီပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ခုနစ်ဦးကို မကြာသေးမီရက်များက စိစစ်တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသည့် အေးဒီးစ်အမျိုးအစားခြင်များကို ဖယ်ရှားသုတ်သင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဒေသခံပြည်သူများအား ပိုးမွှားနှိမ်နင်းရေး အစီအစဉ်အကြီးအကဲ ဆီဇာလီဂါရွန်က တိုက်တွန်းလိုက်သည်။ အဆိုပါဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပိုးသတ်ဆေးအာနိသင်ပျော့သွားကြောင်း၊ ပိုးသတ်ဆေးဖျန်းသော်လည်း ထိရောက်မှုမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ စစ်ဆေးရေးဂိတ်တစ်ခု၌ တိရစ္ဆာန်ဆေးကုဌာနမှ ဝန်ထမ်းတစ်ဦးက ဘဲများ တင်ဆောင်လာသည့် ကားတစ်စီးအား ပိုးသတ်ဆေး ပက်ဖျန်းနေသည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုဆိုဗိုပြည်နယ်အနာဂတ်ရေး ရုရှားနှင့်အမေရိကန် သဘောကွဲ

မော်စကို ဖေဖော်ဝါရီ ၅

ရုရှားနှင့် အမေရိကန်တို့သည် ဆားဘီးယားသမ္မတနိုင်ငံမှ ကိုဆိုဗိုပြည်နယ်၏ အနာဂတ်အရေးကိစ္စနှင့်ပတ်သက်၍ ယခုထက်တိုင် သဘောထားကွဲလွဲလျက်ရှိနေသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့က စနေနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်နှင့် ရုရှားတို့ သဘောထားကွဲလွဲရသည့် အဓိကပြဿနာ တစ်ရပ်မှာ ကိုဆိုဗိုအနာဂတ်အရေးပင်ဖြစ်ကြောင်း၊ ကိုဆိုဗို ပြဿနာဖြေရှင်းရေးအတွက် နှစ်နိုင်ငံ သဘောတူညီသည့်အမြင် ယခုထက်တိုင်မရသေးကြောင်း၊ အီရန်၊ အီရတ်နှင့် အရှေ့အလယ်ပိုင်း အခြေအနေများနှင့်မတူညီဘဲ ကိုဆိုဗိုကိစ္စသည် နက်ရှိုင်းစွာ သဘောထားကွဲလွဲနေသည့် ပြဿနာဖြစ်နေကြောင်း ဆာဂေးလက်ဗရော့က အမေရိကန်ပြည်ထောင်စု ခရီးစဉ်မှအပြန် ရုရှားသတင်းဌာနများသို့ ပြောကြားသည်။ ကုလသမဂ္ဂ အထူးသံတမန် မာတီအာတီဆာရီက ကိုဆိုဗိုပြည်နယ်ကို လွတ်လပ်သော နိုင်ငံအဖြစ် ထူထောင်နိုင်ရန်ဦးတည်သည့် အစီအစဉ်တစ်ရပ်ကို သောကြာနေ့တွင် ကြေညာခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

စွမ်းအင်ကို နိုင်ငံရေးအတွက် အသုံးချမှုမရှိကြောင်း သမ္မတပူတင်ပြောကြား

မော်စကို ဖေဖော်ဝါရီ ၅

ရုရှားနိုင်ငံသည်စွမ်းအင်အရင်းအမြစ်များကို နိုင်ငံရေးရည်ရွယ်ချက်အတွက် အသုံးချမှုမရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က စနေနေ့တွင် ပြောကြားသည်။

နိုင်ငံခြားရေးရာ မူဝါဒ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ရုရှားက ယင်း၏ စီးပွားရေးဆိုင်ရာ အရင်းအမြစ်များကို အသုံးပြုနေသည်ဟု ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း ပူတင်က ကရင်မလင်တွင် ပြုလုပ်သည့် နှစ်ပတ်လည် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အိုင်ဗရီကို့စ်နိုင်ငံ အာကူဒိုကျေးရွာအနီး၌ စွန့်ပစ်ထားသော ဓာတုဗေဒအညစ်အကြေးများအား ရှင်းလင်းဖယ်ရှားနေသည်ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေး အင်အားတောင့်တင်းသည့် အေဂျင်စီထူထောင်သင့်

ပါရီ ဖေဖော်ဝါရီ ၅

သဘာဝဘေးအန္တရာယ် ပျက်စီးမှုကြောင့် လူသားတို့ ထိခိုက်ရမှုမှ ရှောင်လွှဲနိုင်ရန် အင်အားခိုင်မာ တောင့်တင်းသည့် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အေဂျင်စီတစ်ခုကို ထူထောင်သင့်သည်ဟု ကမ္ဘာ့နိုင်ငံ ၄၆ နိုင်ငံက တိုက်တွန်းထားကြောင်း ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးညီလာခံအပြီး ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ပါရီမြို့ရှိ အယ်လစ်ဆီးနန်းတော်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နှစ်ရက်ကြာ ညီလာခံအပြီးတွင် အဆိုပါကြေညာချက်ကို ပြင်သစ်သမ္မတ ဂျက်ရှီရက်က ဖတ်ကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုမှာ လူ့ပယောဂကြောင့်ဖြစ်ရကြောင်း၊ ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းကြောင့် မိုးခေါင်မှုများ၊ အပူလှိုင်းကျရောက်မှုများ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း၊ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်လျှင်သော်မှ လာမည့်နှစ်ပေါင်း ၁၀၀၀ ကျော်ကာလအတွင်း ယင်းအခြေအနေများကို ရှောင်လွှဲနိုင်မည်မဟုတ်ကြောင်း အဆိုပါညီလာခံတွင် သိပ္ပံပညာရှင်များက သတိပေးပြောကြားခဲ့သည်။

အကြံပြု

လက်ရှိတည်ရှိနေသော ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်အစီအစဉ် (ယူအင်န်အီးပီ)မှာ လုပ်ပိုင်ခွင့် အာဏာအလွန်နည်းပါးခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ စွမ်းဆောင်ရည်မြင့်မားသော ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အေဂျင်စီ တစ်ခုကို ထူထောင်သင့်ကြောင်း နိုင်ငံပေါင်း ၄၆ နိုင်ငံမှ သိပ္ပံပညာရှင်များက အကြံပြုခဲ့ကြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

လက်ကိုင်ဖုန်း သုံးစွဲမှုအရေအတွက် တရုတ်နိုင်ငံ၌ မြင့်တက်လျက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၆

တရုတ်နိုင်ငံ၌ လက်ကိုင်ဖုန်းများရောင်းချရမှု အခြေအနေသည် ၂၀၀၆ ခုနှစ်တွင် ၂၀၀၅ခုနှစ်ကထက် ၄၀ ရာခိုင်နှုန်း ပိုမိုရောင်းချရပြီး တယ်လီဖုန်းလုံးရေအားဖြင့်ဆိုလျှင် အလုံးပေါင်း သန်း ၁၂၀အထိရောင်းချခဲ့ရကြောင်း တရုတ်နိုင်ငံ မိုဘိုင်းလ်ဖုန်းအသင်းမှ ဒုတိယအကြီးအကဲ ဇီလင်ဇင်က ပြောကြားသည်။

မကြာမီကာလအတွင်း တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး လက်ကိုင်ဖုန်းဈေးကွက်ကြီးဖြစ်လာရန်ရှိပြီး လက်ကိုင်ဖုန်းအရေအတွက်ပေါင်း သန်း ၁၅၀ အထိ သုံးစွဲလာစရာရှိကြောင်း ဇီက ခန့်မှန်းသည်။

တရုတ်နိုင်ငံသည် ၂၀၀၆ခုနှစ်အတွင်း လက်ကိုင်ဖုန်းအရေအတွက်ပေါင်း သန်း ၄၅၀ ထုတ်လုပ်ခဲ့သည်။ ထိုပမာဏအနက် သန်း ၃၅၀ ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

လက်ကိုင်ဖုန်းဈေးကွက်တွင် နာမည်ကြီးကုမ္ပဏီများဖြစ်သည့် နိုကီယာကုမ္ပဏီနှင့် မော်တာရိုလာကုမ္ပဏီတို့သည် လက်ကိုင်ဖုန်းဈေးကွက်ကို လွှမ်းမိုးထားသည်။ တရုတ်ကုမ္ပဏီများသည် ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် လက်ကိုင်ဖုန်းအလုံးပေါင်း သန်း ၅၀ သာ ရောင်းချခဲ့သည်ရသည်ဟု ပြန်ကြားရေးဝန်ကြီးဌာနသတင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

ဆွီဒင်ရှိ ချော့ကလီးယား ဓာတ်ပေါင်းဖိုလေးလုံး အရေးပေါ်ပိတ်လိုက်ရ

စတော့ဟုမ်း ဖေဖော်ဝါရီ ၅

ဆွီဒင်နိုင်ငံတွင် စနေနေ့က နျူကလီးယား ဓာတ်ပေါင်းဖို ၁၀လုံးအနက် လေးလုံးကို အရေးပေါ် ပိတ်လိုက်ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဆွီဒင်နိုင်ငံ ဖော့စမတ်မြို့ရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံတွင် စနေနေ့က စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဓာတ်ပေါင်းဖိုလေးလုံးကို ပိတ်လိုက်ရကြောင်း ဓာတ်အားပေး ကုမ္ပဏီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ် တင့်ဘလင့် တောင်ခြေအနီး၌ နှင်းလျှောစီးသူများ လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး တိမ်းမှောက်နေသည်ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂျပန်နှင့်ကုန်သွယ်ရာတွင် တောင်ကိုရီးယားလိုငွေပြ

ဆိုးလ် ဖေဖော်ဝါရီ ၅

တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ၂၀၀၆ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၅ဒသမ ၃ဘီလီယံအထိ လိုငွေပြခဲ့ကြောင်း တောင်ကိုရီးယား ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဌာနက ပြောကြားသည်။

မြင့်တက်

တောင်ကိုရီးယားက ဂျပန်နှင့် ကုန်သွယ်ရာတွင် ၂၀၀၅ခုနှစ် အတွင်း ကုန်သွယ်မှုတန်ဖိုးသည် ၃ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၀၄ ခုနှစ်အတွင်း ၂၄ ဒသမ ၃အထိရှိခဲ့သည်ဟု ဖော်ပြပါ ဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။

တောင်ကိုရီးယားနိုင်ငံသုံး ဝမ်ငွေသည် ယန်းငွေနှင့် လဲလှယ်ရာတွင် ခိုင်မာမှုရှိပြီး ၂၀၀၄ ခုနှစ်နောက်ပိုင်းတွင် ဂျပန်ယန်းငွေနှင့် လဲလှယ်ရာတွင် ၃၁ ရာခိုင်နှုန်းအထိ တန်ဖိုးမြင့်တက်ခဲ့သည်။ ဝမ်ငွေခိုင်မာမှုကြောင့် တောင်ကိုရီးယားနိုင်ငံက ဂျပန်မှ စက်မှုဆိုင်ရာ အစိတ်အပိုင်းနှင့် ပစ္စည်းများ ပိုမိုဝယ်ယူတင်သွင်းနေမှုကို မြင့်မားစေခဲ့သည်။

ဝမ်ငွေခိုင်မာမှုကြောင့် တောင်ကိုရီးယား နိုင်ငံသားများသည် ဂျပန်နိုင်ငံသို့လွှန်ခဲ့သည့်နှစ်အတွင်း ခရီးသွားနိုင်စေရန် တွန်းအားပေးလျက်ရှိသည်။ တောင်ကိုရီးယား နိုင်ငံသူ၊ နိုင်ငံသား ၂ ဒသမ ၃၇ သန်းသည် ဂျပန်နိုင်ငံသို့ ၂၀၀၆ ခုနှစ်အတွင်း အလည်အပတ်သွားရောက်ခဲ့ကြသည်ဟု ဂျပန်တရားရေးဌာန၏ စာရင်းဇယားများအရ သိရှိရသည်။

အလားတူ ကာလအတွင်း တောင်ကိုရီးယားသို့လာသည့် ဂျပန်ခရီးသည်ဦးရေသည် ၂ ဒသမ ၃၂သန်းဖြစ်ပြီး ဦးရေ ၁၁၀၀၀လျော့ကျသွားခဲ့သည်။ ယင်းကြောင့် တောင်ကိုရီးယားက ဂျပန်နှင့်ကုန်သွယ်ရာတွင် လိုငွေပြခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့၌ ပြုလုပ်သော ရတနာပြခန်းဖွင့်ပွဲသို့ တက်ရောက်လာသည့် အိန္ဒိယ ရုပ်ရှင်မင်းသမီး ရှီလ်ဖာရှက်တီကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရန်နျူကလီးယားစက်ရုံတွင် အထူးသံတမန်များလေ့လာ

အစ္စဖာဟန်(အီရန်) ဖေဖော်ဝါရီ ၅

အီရန်နိုင်ငံသည် အဏုမြူစွမ်းအင်အစီအစဉ်တွင် ပွင့်လင်းမှုရှိပုံကို ပြသသည့်အနေဖြင့် ယင်းနိုင်ငံရှိ နျူကလီးယား စက်ရုံတစ်ရုံသို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများမှ အထူးသံတမန်များနှင့် သတင်းစာဆရာများအား စနေနေ့က ဖိတ်ခေါ်ပြသခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီဆိုင်ရာ အထူးသံတမန်ခြောက်ဦးသည် အီရန်နိုင်ငံ အလယ်ပိုင်း အစ္စဖာဟန်အနီးရှိ နျူကလီးယားစက်ရုံတွင် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။ အဆိုပါ အထူးသံတမန်များနှင့်အတူ ပြည်တွင်းနှင့် ပြည်ပမှ သတင်းစာဆရာ ၉၀ခန့် လိုက်ပါလာခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းသော ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော်လျက် ရှိကြောင်း အိုင်အေအီးအေဆိုင်ရာ အီရန်အထူးသံတမန် အလီအက်စ်ဟာဆူလ်တန်နီးက လေ့လာရေး ခရီးစဉ်အတွင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လေ့လာ အပန်းဖြေ စိတ်ပျော်ရွှင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

လာသူလာ၊ သွားသူသွား ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း စည်ကားလှသည်။

ရန်ကုန် ဖေဖော်ဝါရီ ၆

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏(၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ကျင်းပသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ၁၉၀၁ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၀၆ခုနှစ် ဇန်နဝါရီလ ၂၅ရက်တွင် ဖွင့်လှစ်ပြသခဲ့ရာ ယခု ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် သက်တမ်း (၁၀၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကုသိုလ်ရှင်၊ စေတနာရှင် များ ကို ဖိတ်ခေါ်။

(ဦးမြင့်ညိမ်း၊ ညွှန်ကြားရေးမှူး၊တိရစ္ဆာန်ဥယျာဉ်များဌာန)

၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ရာပြည့်အထိမ်းအမှတ်ပွဲတော်ကို ပျော်ပွဲရွှင်ပွဲ၊ ဖြေဖျော်ပွဲစုံလင်စွာဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ ရာပြည့်ပွဲတော်ကျင်းပ ပြီးနောက်တွင် နှစ်စဉ်ကျရောက်သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) တည်ထောင်သည့်ရက်ကို မွေးနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသွားရန် စီစဉ်ခဲ့ပြီး ယခု၂၀၀၇နှစ်တွင် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ (၁၀၁)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆက်လက်ကျင်းပခြင်းဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ မွေးနေ့အထိမ်းအမှတ်ပွဲကို လာရောက်လေ့လာလည်ပတ်ကြသော ပြည်သူများ အပန်းပြေပျော်ရွှင်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ သတ္တဗေဒနှင့်ရုက္ခဗေဒ ပညာရပ်များ ဆည်းပူးနိုင်ရန်၊ ရုပ်လုံးသွင်းပညာရပ်များ လေ့လာနိုင်ရန်၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်သူလူထုအား စည်းရုံးပညာပေးရန်၊ ရှားပါးသည့် တိရစ္ဆာန်ကျေးငှက်များ မျိုးဆက်ထိန်းသိမ်းရန်အတွက် သဘာဝထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ ဥပဒေနှင့် ကာကွယ်ထားသည့် တိရစ္ဆာန်များအကြောင်းသိရှိစေ ရန်၊ မျိုးတုံးလုနီးပါးဖြစ်နေသည့် တန်ဖိုးရှိသော တိရစ္ဆာန်များအား ကာကွယ်ထိန်းသိမ်းရာတွင် ပြည်သူလူထု ပါဝင်စေရန်၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ သမိုင်းကြောင်းကို ပြည်သူများ သိရှိစေရန်နှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း တိုးမြင့်လာစေရေး အထောက်အကူပြုစေရန်အတွက် (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ရခြင်းဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ကျင်းပသော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) (၁၀၁)နှစ် မြောက် မွေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများ ကျင်းပရာ သို့ သွားရောက်၍ တိရစ္ဆာန်လိမ္မာပြပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ညွှန်ကြားရေးမှူး(တိရစ္ဆာန်ဥယျာဉ်များဌာန)ဦးမြင့်ညိမ်းနှင့် တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်တွင် တိရစ္ဆာန်များ ဥယျာဉ်ဌာနကို ဖွဲ့စည်းထားပြီး တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှင့် မန္တလေးမြို့၌ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ဟု ရှိကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် တိရစ္ဆာန်အမျိုးပေါင်း ၁၄၂ မျိုးရှိပြီး နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ကျေးငှက် ၇၀နှင့် တွားသွားသတ္တဝါ ၁၅မျိုးဖြစ်ပြီး စုစုပေါင်း တိရစ္ဆာန်ကောင်ရေ ၁၀၅၄ ကောင် စုဆောင်း မွေးမြူပြသထားကြောင်း ဦးစွာ ရှင်းလင်းပြောကြားသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် နှစ်စဉ်လာရောက် ကြည့်ရှုလေ့လာသူ ၁၈သိန်းခန့်ရှိကြောင်း၊ ရာပြည့်ပွဲတော် ကျင်းပသည့် ၂၀၀၆ခုနှစ်တွင် လူဦးရေ ၂၂သိန်းကျော်အထိ အပန်းဖြေ လေ့လာသူများ တိုးတက်လာခဲ့ကြောင်း၊ ယခု၂၀၀၇ခုနှစ်တွင်လည်း လေ့လာအပန်းဖြေသူဦးရေ ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းကြောင်း ဖြင့် ဆက်လက်၍ သုံးသပ်ပြောကြားသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ စိုက်ပျိုးပေါက်ရောက်သည့် သစ်ပင်အမျိုးအစားများမှာ သစ်ပင်ကြီး ၁၅၆မျိုး ပင်ရေ ၃၇၃၁ပင်၊အုန်း/ထန်း ၁၂မျိုး ပင်ရေ ၁၉၂၇ပင်၊ ဝါးနှင့် မြက်၁၀မျိုး၊ ပင်ပျော့နှင့် နွယ်ပင် ၃၄မျိုး၊ ၃၄၃၈ပင် တို့ကြောင့် ရုက္ခဗေဒဥယျာဉ်သဖွယ် တည်ရှိပြီး ဆေးဖက်ဝင်အပင်များလည်းစုံကြောင်း၊ အေးမြသည့် အရိပ်အာဝါသ အောက်၌ အနားယူအပန်းဖြေရင်း တိရစ္ဆာန်များကို လေ့လာကြည့်ရှုနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အနေဖြင့် ကမ္ဘာ့တိရစ္ဆာန်ဥယျာဉ်ကြီးများနှင့် တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်အရ အမေရိကန်ပြည်ထောင်စု Gibbion Conservation Center(GCC) မှ တောင်ခြသေ့်အထီး တစ်ကောင်ကို ၂၅-၉-၂၀၀၆ ရက်တွင်လည်းကောင်း၊ Baboon မျောက်အမသုံးကောင်ကို ၂၉-၉-၂၀၀၆ ရက်တွင်လည်းကောင်း ရရှိခဲ့ကြောင်း၊ ထို့ပြင် ပြည်တွင်းမှ လာရောက်လှူဒါန်းသည့် တိရစ္ဆာန်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးပါကြောင်း၊ ၎င်းပြင် ဥယျာဉ်၌ ပေါက်ဖွားများပြားလာသည့် တောရိုင်းတိရစ္ဆာန်များ (ဥပမာ ဝက်ဝံ) များကို သဘာဝဘေးမဲ့တောသို့လည်း ပြန်လည်လွှတ်ပေးရကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် တိရစ္ဆာန်ထိန်းနှင့် ဆေးကုဝန်ထမ်း ၇၀ကျော်ရှိပြီး တိရစ္ဆာန်အစာဖိုးအဖြစ် တစ်လလျှင် ကျပ် ၈၃သိန်းခန့် သုံးစွဲရကြောင်း၊ တိရစ္ဆာန် ချစ်သူများအနေဖြင့် ဥယျာဉ်အတွင်းရှိ အစာရောင်းဆိုင်များမှ တိုက်ရိုက်ဝယ်ယူ၍ အစာကျွေးကုသိုလ်ယူနိုင်သလို ပြန်ကြားရေးနှင့်ပညာပေးရေးဌာနတွင်လည်း တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ မိမိနှစ်သက်ရာ တိရစ္ဆာန် အမျိုးအစားကို ရွေးချယ်၍လည်း လာရောက် လှူဒါန်းနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ၂၀၀၇ခုနှစ် (၁၀၁)နှစ်မြောက် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) မွေးနေ့အခမ်းအနား ပျော်ပွဲရွှင်ပွဲများနှင့်ပတ်သက်၍ ပြောကြားရာတွင် ယနေ့မှ ဖေဖော်ဝါရီ ၁၀ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကျင်းပရာရက်များတွင် ဂီတအနုပညာရှင် ၂၀၀ကျော် ပါဝင်ဖျော်ဖြေမည့် ဂီတပွဲတော်ကို ဆင်ကျုံးဟောင်းနေရာတွင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးကျပ် ၁၅၀၀ သတ်မှတ်ပေးထားကြောင်း၊ ကစားနည်းအမျိုးမျိုး၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်များနှင့် အကအဖွဲ့များ၊ မျက်လှည့်ပြပွဲများ၊ သရုပ်ဆောင် များ၏ တိရစ္ဆာန်ဥယျာဉ်အတွင်း လှည့်လည်ခြင်းအစီအစဉ် များ၊ တိရစ္ဆာန်ဥယျာဉ်အတွင်း လေ့ကျင့်ထားသော တိရစ္ဆာန်လိမ္မာများဖြင့် တစ်ရက်နှင့် တစ်ရက် ပြကွက်များ မထပ်အောင် စီစဉ်ထားပြီး ဈေးဆိုင်ခန်းပေါင်း ၂၀၀ကျော်ခင်းကျင်းရောင်းချမည့် ဈေးပွဲတော်ကြီးလည်း ပါဝင်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်အပန်းဖြေရာ ရန်ကုန်မြို့၏ ကျက်သရေဆောင်ဥယျာဉ်တစ်ခုဖြစ်သည့်အပြင် ပြည်သူများအပန်းဖြေရာ၊ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရှာမှီးရာဌာနတစ်ခုလည်းဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်အား စတင်တည်ထောင်ချိန်မှ ယခုအချိန်အထိ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာမှုကို သိရှိစေရန်၊ အများပြည်သူများမှ တိရစ္ဆာဥယျာဉ်အကြောင်း သိကောင်းစရာများကို ပိုမိုစိတ်ဝင်စားနိုင်စေရန်၊ လာရောက်လေ့လာကြည့်ရှုသော ပြည်သူများနှင့် ကလေးသူငယ်များအား စိတ်ပျော်ရွှင်ချမ်းမြေ့စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် (၁၀၁)နှစ်မြောက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် မွေးနေ့အထိမ်းအမှတ်ပွဲတော်သို့ သွားရောက်လေ့လာ အပန်းဖြေနိုင်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။ **(ကြေးမုံ)**

ဝက်ဝံနှင့် ရေမြင်း သဘာဝချင်း ကွဲသော်လည်း ပရိသတ်၏ အာရုံ ဆုံချက် စွဲမက်ပုံချင်း အတူတူ။

အင်တာနက်အဏ္ဏဝါဇီဝသတင်း

ဖိလစ်ပိုင်ပင်လယ်ပြင်တွင် အဏ္ဏဝါဇီဝပညာရှင်များ သတ္တဝါမျိုးစိတ်သစ်များရှာဖွေတွေ့ရှိ

မနီလာ ဖေဖော်ဝါရီ ၆

ပြင်သစ်အဏ္ဏဝါဗေဒပညာရှင်များ ဦးစီးသော သိပ္ပံပညာရှင်များအဖွဲ့သည် ဖိလစ်ပိုင်ပင်လယ်ပြင်၌ သတ္တဝါမျိုးစိတ်သစ်များကို ရှာဖွေလျက်ရှိရာ ပင်လယ်အခွံမာကောင်နှင့် ခရုကမာမျိုးနွယ်သစ်ထောင်ပေါင်းများစွာရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည်။

အဏ္ဏဝါဇီဝ မျိုးကွဲပေါင်းများစွာကို ရှာဖွေရန် ဖန်ဂလိုဇီဝမျိုးကွဲရှာဖွေဖော်ထုတ်ရေးစီမံကိန်းကို ဖိလစ်ပိုင်နိုင်ငံ ပန်ဂလိုကျွန်းဒေသ၌ လုပ်ကိုင်နေကြသည်မှာလွန်ခဲ့သောနှစ်နှစ်အချိန်ကတည်းက ဖြစ်သည်။

ထိုစီမံကိန်းတွင် နိုင်ငံပေါင်း ၁၉နိုင်ငံတို့မှ သိပ္ပံပညာရှင်များ၊ ကျောင်းသားများနှင့် စေတနာ့ဝန်ထမ်းပေါင်း ၈၀ခန့် ပါဝင်ကြသည်။

၎င်းတို့တွေ့ရှိသော သတ္တဝါမျိုးစိတ်သစ်များကို အရှင်အတိုင်းဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ မျိုးကွဲနမူနာရယူခြင်း၊ လေ့လာစုဆောင်းခြင်းများကို



ပြင်သစ်သိပ္ပံပညာရှင် ဖိလစ်ပီဘူးချက်ဦးဆောင်မှုဖြင့် သုတေသနပြုလျက်ရှိသည်။ ၎င်းသည် ပြင်သစ်နိုင်ငံသဘာဝသမိုင်းပြတိုက်မှ ပညာရှင်ဖြစ်သည်။

ယခုလေ့လာသုတေသနပြုလုပ်မှုမှာ ပုစွန်၊ကဏန်းကဲ့သို့သော ခွံမာကောင်မျိုးကွဲပေါင်း ၁၅၀မှ ၂၅၀အထိကိုလည်းကောင်း၊ ခရုနှင့်ကမာမျိုးကွဲအသစ်ပေါင်း ၁၅၀၀ မှ ၂၅၀၀ တို့ကိုလည်းကောင်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း၊ အဆိုပါအဖွဲ့၏လေ့လာချက်တွင် ရေးသားဖော်ပြထားသည်။ ဖော်ပြပါ အရေအတွက်သည် ပန်ဂလိုကျွန်းဒေသတစ်ဝိုက်၌ တွေ့ရှိရသော မျိုးကွဲအရေအတွက်မျှသာ ဖြစ်သည်။

ဖိလစ်ပိုင်ပင်လယ်ပြင်၌ တွေ့ရသော ခွံမာကောင်ပုစွန်မျိုးကွဲသစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံဒေသတစ်ဝိုက်၌ တွေ့ရှိရသောပင်လယ်ပုစွန်နှင့်ခွံမာကောင်မျိုးစုစုပေါင်း အရေအတွက်သည် မျိုးကွဲမျိုးစိတ်ပေါင်း ၁၆၀၀ခန့်မျှပင်ရှိသည်။

မြေထဲပင်လယ်ဒေသ အကျယ်အဝန်းဟက်တာ သန်း ၃၀၀ ခန့်တွင် တွေ့ရသော ခွံမာကောင် မျိုးကွဲမျိုးစိတ်ပေါင်းသည် ၃၄၀မျှရှိပြီး ခရုနှင့်ကမာမျိုးကွဲပေါင်းအရေအတွက်သည် ၂၀၂၄ မျိုးမျှရှိသည်။

ပညာရှင်ဘူးချက်နှင့် အဖွဲ့သည် ပန်ဂလိုကျွန်းဝန်းကျင်မှ ရေနေသတ္တဝါ နမူနာများကို ရယူရာ၌ သမားရိုးကျနည်းနှင့် ခေတ်မီနည်းလမ်းနှစ်မျိုးစလုံးကို အသုံးပြုခဲ့သည်။ ငါးဖမ်းပိုက်ဖြင့်ဖမ်းခြင်း၊ တရွတ်ဆွဲပိုက်ဖြင့်ဖမ်းခြင်း၊ ရေးရိုးနည်းဖြင့် ဖမ်းခြင်း စသည့် နည်းလမ်းများ အားလုံးကို အသုံးပြုကာ အဏ္ဏဝါဇီဝမျိုးကွဲများကို စုယူခဲ့သည်။

လောလောဆယ်သုတေသနပြုလုပ်နေသောလုပ်ငန်းကိုရှေ့ခြေတစ်လှမ်းတိုးသည့်သဘောဖြင့် ဖိလစ်ပိုင်ပင်လယ်ပြင်ဇီဝမျိုးကွဲ စစ်တမ်းကောက်ယူရေးစီမံချက်ကို ငါးနှစ်တာ ဆက်လက်လုပ်ကိုင်သွားရန် စီစဉ်ထားကြောင်း တာဝန်ရှိသူများက ကြေညာခဲ့သည်။

ယင်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် နိုင်ငံများတွင် ဖိလစ်ပိုင်နိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများမှာ အဖွဲ့ဝင်များလည်းပါဝင်မည်ဖြစ်သည်ဟုဆိုသည်။

အင်တာနက်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)(၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တိုင်းမှူးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ဇီဝမျိုးစုံနှင့် မျိုးကွဲများ ကြွယ်ဝလှသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ၁၉၀၆ ခုနှစ်မှ ယနေ့တိုင်အောင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ကို ခေတ်အဆက်ဆက် တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ တိရစ္ဆာန်များကို အမျိုးစုံလင်စွာ မွေးမြူလျက်ရှိသကဲ့သို့ နိုင်ငံတကာတိရစ္ဆာန်ဥယျာဉ်ထိန်းသိမ်းရေးအဖွဲ့၊ ရှားပါးတိရစ္ဆာန်ထိန်းသိမ်းရေး အဖွဲ့များနှင့် ပူးပေါင်း၍ ရှားပါးတိရစ္ဆာန်လဲလှယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ရှားပါးတိရစ္ဆာန်များ ယခုထက် ပိုမိုမွေးမြူနိုင်ရေး စိမ်းလန်းစိုပြည်၍ သာယာလှပသော အခြေအနေကောင်းများ ဖန်တီးထိန်းသိမ်းနိုင်ရေးနှင့် ကမ္ဘာတည်သရွေ့ အခွန့်ရှည်စွာတည်တံ့စေရေးကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် အခမ်းအနား၌ ပြသရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများနှင့် ပြခန်းများကိုလည်းကောင်း၊ တိရစ္ဆာန်လိမ္မာပြပွဲကို လည်းကောင်း ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးစိုးဝင်းလှိုင်တို့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးသော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တရားသူကြီးချုပ်နှင့် ရှေ့နေချုပ်တို့က ပြည်နယ်၊တိုင်း တရားသူကြီးများနှင့် ဥပဒေအရာရှိများအား အမျိုးသားညီလာခံဆိုင်ရာကိစ္စရပ်များရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်နှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့က ပြည်နယ်၊ တိုင်း တရားသူကြီးများနှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများအား အမျိုးသား ညီလာခံက ချမှတ်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းတရားသူကြီးများ၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၊ တွဲဖက်ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၊ တရားရုံးချုပ်မှ တရားရေးအရာထမ်းများ၊ ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်နှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းပြောကြားကာ အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်နှင့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေး ဆွဲ ရာ တွင် ပါဝင်မည့် အမျိုးသား ညီလာခံက ချမှတ် ခဲ့ပြီးသော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ဓမ္မဝိဟာရလမ်း ဓမ္မပူဇာသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့ တာမွေမြို့နယ် ပုသိမ်ညွန့်(စံပြ)ရပ်ကွက် ဓမ္မဝိဟာရလမ်း၌ ပထမအကြိမ် ဓမ္မပူဇာသဘင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၀ရက်တွင် အရှင်ဧယျပဏ္ဍိတ(ပိုင်းလော့)မိုးညှင်းသီဂိ၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် အရှင်စန္ဒသိရီ(အောင်စကြာ-မိုးကုတ်)၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် အရှင်ဇဝန(မုံလယ်တောရ)၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် အရှင်သုန္ဒရ (တိပိဋကဓရ တိပိဋကကောဝိဒ) (စွန်းလွန်း)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွံတေးအရှင်ကုန္ဒက၏ တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၅၁-ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာ ကျောင်းတိုက် ဆရာတော် တွံတေးအရှင်ကုန္ဒကသည် ဖေဖော်ဝါရီ ၇ ရက်တွင် အမှတ်(၃)အောင်မြေရတနာကျောင်း ပခုက္ကူမြို့၊ ၉ ရက်မှ ၁၂ ရက်အထိ ထားဝယ်မြို့၊ ၁၄ ရက်တွင် အမှတ်(၂) ရပ်ကွက်လှိုင်သာယာမြို့နယ်၊ ၁၆ရက်တွင် ၃၂ရပ်ကွက် ဗဟိုဓမ္မာရုံ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၁၇ရက်တွင် ၂၈-ရပ်ကွက်ဓမ္မပါလဓမ္မာရုံ၊ ၁၈ ရက် ည ၇နာရီ၌ ၂၈-ရပ်ကွက် ဓမ္မပါလဓမ္မာရုံနှင့် ယင်းညရှနာရီတွင် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ လှိုင်မြို့နယ်၊ ၁၉ရက်မှ ၂၁ရက်အထိ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မင်းညိုကုန်းတို့တွင် ည၇နာရီ၌နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပင်လယ်ကူးသင်္ဘောသားများအသင်း နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၏ ပဋ္ဌမအကြိမ် နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်က Yangon City Golf Resort (မြကန်သာ)ကွင်း၌ ကျင်းပခဲ့ရာ နှစ်ပတ်လည်ညစာစားပွဲကို ယင်းနေ့ညနေပိုင်းတွင် Oasis စားသောက်ဆိုင်တွင် ကျင်းပသည်။

ညစာစားပွဲတွင် အသင်းဥက္ကဋ္ဌ ဦးမင်းစိန်က အမှာစကားပြောကြားပြီး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုရရှိသူများအား အလုပ်အမှုဆောင်အဖွဲ့နှင့် ဧည့်သည်တော်များက ဆုများချီးမြှင့်သည်။ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ (၆)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မိသားစုဝင် သား၊သမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။ (က-ပ)

တွံတေးမက်သဒစ်ကျောင်း မြှတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တွံတေးမက်သဒစ်ကျောင်း (ယခုအလကမြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ် မြှတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလမြို့နယ်သို့ကူး၍ တွံတေးမြို့သို့ တိုက်ရိုက်မော်တော်ယာဉ်များဖြင့် ကြိုဆိုပို့ဆောင်မည်ဖြစ်ပါသဖြင့် ယင်းနေ့နံနက်၇နာရီအရောက် ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (၅၂၉)

ထူးခြားသည့် ညအပူချိန်များ (၆-၂-၂၀၀၇)

ပင်လောင်း	၅ ဒီဂရီ စင်တီဂရိတ်
နမ့်စန်	၆ ဒီဂရီ စင်တီဂရိတ်
ရန်ကုန်	၁၈ ဒီဂရီ စင်တီဂရိတ်

တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ပညာစွမ်းအားဖြင့်ပြည့်စုံသောနိုင်ငံ ဖြစ်လာစေရအောင် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေ

ကျေးလက်မူလတန်းကျောင်းများမှစပြီး တက္ကသိုလ်ကြီးများအထိ ထိုက်တန်သည့် ပညာရည်အဆင့်အတန်းရှိနေမှ နိုင်ငံတော်ကြီးတိုးတက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းသာယာမှု၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှု အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရန်အတွက် နိုင်ငံသူနိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ပြည့်စုံမှုတို့သည် ပင်မလိုအပ်ချက်ဖြစ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မာရေးရည်မှန်းချက်ကိုချမှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဒေသအသီးသီး၌ ပညာရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရအောင်၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံပြီး ပညာစွမ်းအားဖြင့် ပြည့်စုံသောနိုင်ငံ(Educated Nation) ဖြစ်လာစေရအောင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

နယ်စပ် အစွန်အဖျား ဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေခဲ့စဉ်ကာလများက ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသကဲ့သို့ ပညာရေးအဆင့်အတန်းနိမ့်ကျလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးမှုသည်လည်း နိမ့်ကျလာခဲ့ရပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှု အခြေခံများ ပိုမိုပျက်ယွင်း လာခဲ့ရသည့် သံသရာထဲက ရုန်းမထွက်နိုင်သည့်အခြေအနေမျိုး ဖြစ်နေခဲ့ရကြောင်း။

ထို့ကြောင့် မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့မှာ စာသင်ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖြန့်ကြက်ထူထောင်ပေးရင်း ဒေသအသီးသီး၌ ပညာရေးအခြေခံများ မျှမျှတတ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ထည့်သွင်းတည်ထောင်

ပြည်နယ်၊ တိုင်း အသီးသီး၏ အချက်အချာကျသည့် ဒေသများကို အခြေပြုထားသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုတွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ် တစ်ခုစီကို မဖြစ်မနေထည့်သွင်းတည်ထောင် ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဒေသခံလူငယ်များ အဆင့်မြင့် ပညာရပ်များကို အဆင့်ဆင့်သင်ယူပြီးမြောက်လာသည်နှင့် တစ်ပြေးညီ ဒီဂရီကောလိပ်များ၊ နည်းပညာကောလိပ်များ၊ ကွန်ပျူတာကောလိပ်များကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးခဲ့ရာတွင် ယခုနှစ် ဇန်နဝါရီလအတွင်းမှာပင် နောက်ဆုံးတိုးမြှင့်ရန် ကျန်နေသည့် ဝိဇ္ဇာ/သိပ္ပံ ကောလိပ်သုံးခုနှင့် နည်းပညာကောလိပ်အားလုံး၊ ကွန်ပျူတာကောလိပ်အားလုံးတို့ကို တက္ကသိုလ်အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ဆိုလျှင် ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်း၌ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်တို့ တည်ရှိနေပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍမှာဆိုလျှင်လည်း ဖွံ့ဖြိုးရေးဒေသကြီးတိုင်း၌ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံစီ ထည့်သွင်းထူထောင်ပြီး ဒေသအသီးသီး၏ ပညာရေး၊ ကျန်းမာရေးအခြေခံများ ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးနေကြောင်း။

မြို့နယ်အဆင့်တွင် အနည်းဆုံး(၂၅)ခုတင်ဆံ့ ဆေးရုံသို့မဟုတ် ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံစီ ရှိစေသည့်အပြင် ခုတင်(၃၀၀)ဆံ့ အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများကို တစ်နိုင်ငံလုံး၌ တိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ခရိုင်ဆေးရုံနှင့် အထက်ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ပြည့်စုံစေရအောင် ဖြည့်တင်းပေးလျက်ရှိကြောင်း။

အရည်အသွေးမြင့်မားအောင်

ကျန်းမာရေးကဏ္ဍတစ်ခုလုံးတွင် နိုင်ငံတကာတွင် ဖြစ်ထွန်းနေသည့် ကျန်းမာရေးဆိုင်ရာ နည်းပညာများ၊ ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မြင့်မားမား(High Performance)ပေးနိုင်စေရအောင် စီမံဆောင်ရွက်ပေးနေကြောင်း။

လိုအပ်သည့် ဆရာဝန်များ၊ သမားတော်များ၊ ကျန်းမာရေးဆိုင်ရာ ပညာရှင်များ အရည်အသွေး မြင့်မြင့်မားမားနှင့် လုံလုံလောက်လောက် တိုးမြှင့်မွေးထုတ်ပေးနိုင်စေရန် ဆေးတက္ကသိုလ်များ၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်များ၊ ဆေးဘက်ပညာသည်တက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် ဆေးသိပ္ပံပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲများကျင်းပပြီး သင်ရိုးညွှန်းတမ်းများကိုလည်း အဆင့်မြှင့်တင် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့နိုင်ငံတော်၌ လိုအပ်နေသည့် ဆရာဝန်များ၊ သမားတော်ကြီးများ၊ ဆေးသိပ္ပံဆိုင်ရာ ပညာရှင်များကို တိုးမြှင့်မွေးထုတ်ပေးနိုင်လျက်ရှိနေပြီ ဖြစ်ကြောင်း။

အလားတူပင် သစ်တော၊ သတ္တု၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ကဏ္ဍများတွင်လည်း ဆိုင်ရာဆိုင်ရာ ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေဖို့၊ လုပ်ငန်းခွင်မှာ အဆင့်မြင့်နည်းပညာနှင့် ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်စေရန် အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်သည့်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရန်လည်း သက်ဆိုင်ရာတက္ကသိုလ်များ၊ သိပ္ပံများမှာ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင် သင်ကြားပေးလျက်ရှိနေပြီ ဖြစ်ကြောင်း။

အဆင့်မြှင့်တင်

တစ်နည်းပြောရလျှင် တစ်နိုင်ငံလုံးဖြန့်ကြက် လွှမ်းခြုံပြီး ဖွံ့ဖြိုးမှုနယ်ပယ်ကဏ္ဍအသီးသီး၊ ဒေသအသီးသီးမှာ အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးထွန်းကားလာစေရန် အဆင့်မြင့်နည်းပညာနှင့် ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်စေရန် အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် တက္ကသိုလ်နှင့်ကောလိပ်များ အဆင့်မြှင့်တင် တိုးချဲ့ဖွင့်လှစ်ထူထောင်ပေးမှုများ၊ သင်ကြားရေး အထောက်အကူပြု အခြေခံအဆောက်အအုံများဖြစ်သည့် ခေတ်မီအလုပ်ရုံနှင့်ဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ်နည်းပညာအခြေပြု အခြေခံအဆောက်အအုံများ ထူထောင်ဖွင့်လှစ်ပေးမှုများ၊ သင်ရိုးညွှန်းတမ်းနှင့်တကွ ဆရာများ၏ အရည်အသွေး မြှင့်တင်ပေးမှုများကို ဘက်စုံကဏ္ဍစုံမှာ ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ယင်းသို့ ဒေသစုံ၊ အလွှာစုံ၊ ပညာရပ်နယ်ပယ်စုံ၊ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံတို့တွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ထွန်းကားပြန့်ပွားအောင်၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းနေစေရအောင် ရည်မှန်းချက်ရှိရှိ ပြုစုပျိုးထောင်ပေးနိုင်မှသာ ထုထည်ပမာဏ ကြီးမားကျယ်ပြန့်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ် စွမ်းအားစုကြီးကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် **နိုင်ငံတော်အစိုးရအနေနှင့် ဒေသမရွေး၊ လူမျိုးဘာသာမရွေး၊ လူတန်းစားမရွေး ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိအောင်၊ အဆင့်မြင့်ပညာသင်ယူခွင့်၊ လိုအပ်သည့်ပညာရွေး ချယ်သင်ယူခွင့် အခွင့်အလမ်းများ ရရှိလာအောင်နှင့် ယင်းသို့သင်ယူနိုင်သည့်စွမ်းရည်၊ လိုအပ်အခြေခံအဆောက်အအုံများနှင့် ပြည့်စုံစေရအောင် စီမံဖန်တီးပေးနေခြင်းပင်ဖြစ်ကြောင်း။**

ကျေးလက်ဒေသများမှရှိသည့် အခြေခံပညာမူလတန်းကျောင်းများကစတင်ပြီး အဆင့်မြင့် တက္ကသိုလ်ကြီးများအထိ ဆိုင်ရာဆိုင်ရာအဆင့်အလိုက် ထိုက်တန်သည့် ပညာရည် အဆင့်အတန်းရှိနေမှသာ နိုင်ငံတော်ကြီး တစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအပါအဝင် ပညာရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေသူများအားလုံးက ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အကျိုးရှိထိရောက်စွာ အသုံးပြုပြီး အဆင့်မြင့်ပညာရပ်များ၏ အထောက်အကူဖြင့် ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးကြပါဟုတိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား၊ သင်တန်းသူ ဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ ၆၁၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာ

အမှာစကားပြောကြား

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆွေးနွေးကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ သုတေသီများအားလုံးကို အသိအမှတ်ပြုပါကြောင်းနှင့် နောင်နှစ်များမှာ ဘာသာရပ်တစ်ခုချင်းအလိုက် သီးခြားစီ သုတေသနပြုချက်များအပေါ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး လေးလတစ်ကြိမ် (သို့မဟုတ်)ခြောက်လတစ်ကြိမ် ယခုကဲ့သို့ သုတေသနပြု စာတမ်းများအား ကျန်းမာရေးနီးနှောဖလှယ်ပွဲများ ကျင်းပပြီး ပြည်ပမှ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သည့် ဆရာဝန်ကြီးများနှင့် သုတေသီများကိုလည်း ဖိတ်ကြားသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အရည်အသွေးအဆင့်အတန်း ပိုမိုမြင့်မားအောင် မိမိတို့ ကျွမ်းကျင်

ဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၊ ဆေးနှင့်ဆေးပစ္စည်းပြပွဲကို တက်ရောက်ချီးမြှင့်ပြီး ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲ၌ ခင်းကျင်းပြသထားသော ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကို နံနက် ၁၁နာရီတွင် ဆက်လက်ကျင်းပရာ စာတမ်းရှင်များက ဘာသာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး နီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ နီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၉ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နီးနှောဖလှယ်ပွဲတွင် စာတမ်းပေါင်း ၃၈စောင်၊ ပိုစတာ ၁၂ခု၊ Symposium သုံးခု၊ Forum တစ်ခု၊ Clinco-Pathological Conference တစ်ခုနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူကြီးများနှင့် အရှေ့တောင်အာရှရှိ အထင်ကရ ဆေးရုံကြီးများနှင့် ဆေးတက္ကသိုလ်တို့မှ ပါရဂူကြီးများ ဟောပြော ဆွေးနွေးမည့် Academic Talk ကိုးခုတို့ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

၁၉၉၀ပြည့်နှစ်ကစပြီး နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများ ကျင်းပလာသည်မှာ ယခုဆိုလျှင် (၁၅)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း တပ်ဖွဲ့တာဝန်များထမ်းဆောင်ကြရင်းနှင့် သုတေသနလုပ်ဆောင်ချက်များ ယှဉ်တွဲဆောင်ရွက်ပြီး နှစ်စဉ်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများတွင် တင်သွင်းဆွေးနွေးကြကြောင်းနှင့် နီးနှောဖလှယ်ပွဲများက ရလဒ်များကို လက်တွေ့ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါကာကွယ်နှိမ်နင်းရေးနယ်ပယ်များတွင် ပြန်လည်အသုံးချကြောင်း သိရှိရသည့်အတွက် များစွာ အကျိုးရှိစေမှာဖြစ်ကြောင်း။

သုတေသနစာတမ်းများ၊ Symposium ခေါ် ဆေးပညာပြောင်းလဲတိုးတက်မှုများနှင့်စပ်လျဉ်းပြီး ဟောပြောတင်သွင်းဆွေးနွေးရာမှာ ဆေးဝန်ထမ်းတပ်ဖွဲ့မှ သုတေသီတစ်ဦးချင်းဆောင်ရွက်မှု၊ သုတေသီများ ပူးပေါင်းဆောင်ရွက်မှုရှိသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း နှစ်စဉ် ပါဝင်သည်ကို တွေ့ရသည့်အတွက် ဆေးသုတေသနနယ်ပယ်တွင် တိုးတက်မှုများရရှိနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခုကျင်းပသည့် (၁၅)ကြိမ်မြောက် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲတွင် စာတမ်းပေါင်း ၃၈စောင်၊ ပိုစတာ ၁၂ခု၊ Symposium သုံးခု၊ Forum တစ်ခု၊ Clinco-Pathological Conference တစ်ခုအပြင် ဆေးဝန်ထမ်းတပ်ဖွဲ့က ပါရဂူကြီးများနှင့် အရှေ့တောင်အာရှအတွင်း အထင်ကရ ဆေးရုံကြီးများမှ ဆရာဝန်ကြီးများ ဟောပြောဆွေးနွေးမည့် Academic talk ကိုးခု ပါဝင်မှာဖြစ်ကြောင်း။

စာတမ်းများ

သုတေသနစာတမ်း ၃၈စောင်အနက် ဆေးပညာဆိုင်ရာ စာတမ်းရှစ်စောင်၊ ခွဲစိတ်ကုပညာဆိုင်ရာ စာတမ်းသုံးစောင်၊ သားဖွားမီးယပ်ပညာဆိုင်ရာ စာတမ်းခြောက်စောင်၊ ကလေးကျန်းမာရေးဆိုင်ရာ စာတမ်းတစ်စောင်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ စာတမ်းသုံးစောင်၊ အရိုးရောဂါဆိုင်ရာ စာတမ်းသုံးစောင်၊ အဏုဇီဝဗေဒဆိုင်ရာ စာတမ်းလေးစောင်၊ ရောဂါဗေဒဆိုင်ရာ စာတမ်းနှစ်စောင်၊ ဥပဒေရေးရာဆေးပညာဆိုင်ရာ စာတမ်းတစ်စောင်နှင့် သူနာပြုဆိုင်ရာ စာတမ်းခုနစ်စောင် ပါဝင်သည်ကို တွေ့ရကြောင်း။

ပိုစတာ ၁၂ခုအနက် သားဖွားမီးယပ်ဆိုင်ရာ ပိုစတာလေးခု၊ တိုင်းရင်းဆေးပညာဆိုင်ရာ ပိုစတာတစ်ခု၊ သူနာပြုဆိုင်ရာ ပိုစတာတစ်ခု၊ ကလေးကျန်းမာရေးဆိုင်ရာ ပိုစတာနှစ်ခု၊ အဏုဇီဝဗေဒဆိုင်ရာ ပိုစတာတစ်ခု၊ အရိုးရောဂါဆိုင်ရာ ပိုစတာတစ်ခု၊ ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ပိုစတာတစ်ခုနှင့် ဆေးရုံအုပ်ချုပ်မှုဆိုင်ရာ ပိုစတာတစ်ခု ပါဝင်ကြောင်းသိရကြောင်း။

Symposium သုံးခုအနက် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကူးစက်ပြန့်ပွားမှုမှကာကွယ်ခြင်းဆိုင်ရာ Symposium တစ်ခု၊ ၂၁ရာစုနှစ် ခေတ်သစ်ဆေးပညာနှင့်စပ်လျဉ်းပြီး Stemcell အသုံးပြု ကုသမှုဆိုင်ရာ Symposium တစ်ခုနှင့် ဆေးရုံများတွင် ဇီဝလုံခြုံမှု Biosafety အကြောင်း ဟောပြောဆွေးနွေးမည့် Symposium တစ်ခုပါဝင်မှာဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အဓိကကျန်းမာရေးပြဿနာသုံးရပ်ဖြစ်သည့် ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဟောပြောဆွေးနွေးမည့် Forum တစ်ခုလည်း ပါဝင်ကြောင်း သိရသည့်အတွက် သုတေသနတင်ပြချက်အသွင်စုံလင်ကြောင်း တွေ့ရမှာဖြစ်ပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ကို ခေတ်နှင့်ရင်ပေါင်တန်းနိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိရာမှာ ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးမြှင့်တင်ရေး စသည့်ကဏ္ဍပေါင်းစုံ ဟန်ချက်ညီညီ တိုးတက်ဖို့လိုအပ်ကြောင်း။

ကုသရေး

ကုသရေးနယ်ပယ်မှာ နှလုံးရောဂါဆိုင်ရာ အဆင့်မြင့်ရောဂါ ရှာဖွေစစ်ဆေးမှုနှင့် ခွဲစိတ်ကုသမှု၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများ၊ ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုနှင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ၊ အစာအိမ် ၊ သည်းခြေလမ်းကြောင်းဆိုင်ရာ ရောဂါများအား Endoscope အသုံးပြုပြီး ရှာဖွေကုသမှုများ၊ မျက်စိရောဂါဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသမှုများ၊ အရိုး၊ မျက်နှာနှင့် ခံတွင်း၊ မေးရိုးဆိုင်ရာ အဆင့်မြင့်ကုသမှုနှင့် မီးယပ်ရောဂါများကို Laparoscope အသုံးပြုပြီး ရှာဖွေကုသမှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လေ့ကျင့်ရေးနယ်ပယ်မှာ ဆေးပညာဆိုင်ရာ အဆင့်မြင့် ဘွဲ့ဒီဂရီများဖြစ်သည့် ပါရဂူဘွဲ့၊ တော်ဝင်သမားတော်ဘွဲ့ရရှိသူ အများအပြား ပေါ်ထွက်လာပြီဖြစ်သကဲ့သို့ သူနာပြုဆိုင်ရာ ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့ရရှိသူများလည်း ရှိပြီဖြစ်ကြောင်း၊ ထို့အပြင် ဆေးဘက်ပညာဆိုင်ရာ မဟာဘွဲ့များကိုလည်း တက်ရောက်စေလျက်ရှိပြီဖြစ်ကြောင်း။

ရောဂါကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်းပြီး National Priority disease များဖြစ်သည့် ငှက်ဖျား၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာသည်ကို တွေ့ရပြီး ငှက်ဖျားရောဂါနှင့် သေဆုံးမှု သိသာစွာ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

ဆေးသုတေသန

ယင်းကဏ္ဍများနှင့်အတူ ဟန်ချက်ညီညီ တိုးတက်အောင် ဆောင်ရွက်ရမှာကတော့ ဆေးသုတေသန နယ်ပယ်ဖြစ်ပါကြောင်း၊ ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါနှိမ်နင်းရေး စသည့် ကဏ္ဍပေါင်းစုံမှာ သုတေသနလုပ်ငန်းများ တွင်တွင်ကျယ်ကျယ်လုပ်ဆောင်ရင်း တွေ့ရှိချက်များကို ပြန်လည်အသုံးချပြီး အရည်အသွေး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ယနေ့ (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအပြီးမှာ ခေတ်မီရောဂါရှာဖွေခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် ခေတ်မီရောဂါရှာဖွေရေးကိရိယာများနှင့် အဆင့်မြင့် ဆေးဝါးများကို လာရောက်ခင်းကျင်းပြသမည့် ဆေးကုမ္ပဏီများ၏ ပြခန်းခင်းကျင်းပြသရေးအစီအစဉ်လည်း ယခင်နှစ်များနည်းတူ ပါဝင်ကြောင်း သိရှိရသည့်အတွက် လေ့လာဗဟုသုတပွားများနိုင်မှာဖြစ်ကြောင်း။

မိမိတို့အား ပေးအပ်ထားသည့်တာဝန်များကို ထမ်းဆောင်ရင်း မအားလပ်သည့်ကြားက သုတေသနလုပ်ငန်းများ လုပ်ဆောင်ပြီး နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ မှာ သုတေသနတင်ပြချက်အသွင်အစုံဖြင့် တင်ပြသည့် ဘာသာရပ်တစ်ခုချင်းကို အထူးအလေးထားပြီး သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော သုတေသနပိုစတာများကို ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ

ချင်းပြည်နယ်မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

နေပြည်တော်၌ ကျင်းပမည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ဦးအွန့်ခန်းကပ်ခေါင်းဆောင်သော ချင်းပြည်နယ်မှပြည်ထောင်စုနေ့ ကိုယ်စားလှယ်အဖွဲ့ဝင် ၄၈ဦးတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် လေဆိပ်သို့ ရောက်ရှိလာရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဝင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးသည်။

ယင်းနောက် တည်းခိုဆောင်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြရာ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဝင်များ ဖြစ်ကြသော ပျဉ်းမနားတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးနိုင်အောင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇း၅၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၄။ နံနက်ခင်းသတင်း

၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၆။ အတီးပြိုင်ပွဲ

၈း၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈း၁၀ ၈။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၈း၂၀ ၉။ အစဉ်အလာကောင်းသည့် လှိုင်းချောင်းတမံ

၈း၃၀ ၁၀။ International News.

၈း၄၅ ၁၁။ Let's Go.

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၅၀ ၁။ **၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် အိုလံပစ် အားကစားပြိုင်ပွဲ၊ ပေကျင်း အိုလံပစ် အမျိုးသား ဘောလုံးပြိုင်ပွဲ၊ ပထမဆင့် ခြေစစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကျော့) (မြန်မာနှင့် အိန္ဒိယ)**

၅း၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၆း၀၀ ၃။ ညနေခင်းသတင်း

၆း၃၀ ၄။ မိုးလေဝသအခြေအနေ

၆း၃၅ ၅။ သုတစုံလင်ရွှေဉာဏ်ရှင်

၇း၀၅ ၆။ Discovery.

၇း၁၅ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ

၇း၂၅ ၈။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၇း၄၀ ၉။ ပြည်ထောင်စုစိတ်ဓာတ် မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု၊ ဒို့ပြည်ထောင်စု)

၈း၀၀ ၁၀။ ပြည်တွင်းသတင်း

၁၁။ နိုင်ငံတကာသတင်းများ

၁၂။ မိုးလေဝသအခြေအနေ

၁၃။ **မြန်မာရုပ်ရှင် "နော်ရင်မွေး" (စိုးသူ၊ နေအောင်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ–အောင်စိုးဦး)**

၁၄။ နောက်တစ်နေ့အစီအစဉ်

၁၅။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့် အမှတ်(၂၉၅)ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Nobutake Odano က Grassroot Grant Assistance (GGA) အစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၆၇၉၃၀တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံး ပစ္စည်းများနှင့် ဓာတ်မှန်သုံးပစ္စည်းများ၊ ဦးဌေးမြင့်–ဒေါ်အေးအေးမော် (ယုဇနကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၀၊ ဒေါ်အေးမြအောင် Sunday Mart က ငွေကျပ် ၂၃သိန်းတန်ဖိုးရှိ Floor Standing Type Aircon နှစ်လုံး၊ ရွှေမင်းသားကုမ္ပဏီက ငွေကျပ် ၁၀၀၄၇၅၀ တန်ဖိုးရှိ ရုံးသုံးစာရေးကိရိယာများ၊ ဦးမြတ်သင်းအောင်–ဒေါ်ခင်မြင့်မြင့် (အောင်အောင်အင်တာပရိုက် လီမိတက်)က ငွေကျပ်၂၈၁၀၀၀ တန်ဖိုးရှိ Water Coolerတစ်လုံးနှင့် Micro Wave Orvenတစ်လုံး၊ Mo Asia Co., Ltd. Dumexက ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ အာဟာရထောက်ပံ့ပစ္စည်းများနှင့် Europ Continents Myanmar က FEC 2000 နှင့် အမေရိကန်ဒေါ်လာ ၆၀၀၀တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Nobutake Odano က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း အတွက် ဒေါ်အေးမြအောင် (Sunday Mart) **က** Aircon**နှစ်လုံးကို ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လှူဒါန်းသောပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါ အကဲဖြတ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် အဖွဲ့အား မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအပေါ်တွင် လာရောက်ဆန်းစစ်သုံးသပ် အကဲဖြတ်လျက်ရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါ ဆန်းစစ်သုံးသပ် အကဲဖြတ်အဖွဲ့ဝင်များဖြစ်သော ဘင်္ဂလားဒေ့ရှ် နိုင်ငံ BRAC Health Program**မှ** Program Manager, Dr. Md. Akramul Islam **၊ ထိုင်းနိုင်ငံ** Ministry of Public Health, Chief of TB Cluster, Dr. Sriprapa Nateniyom **၊ မြန်မာနိုင်ငံ** JICA **မှ** National Consultant **ဒေါက်တာအေးထွန်းနှင့် အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းမှ ဒေါက်တာဒေါ်သန္တာလွင်တို့သည် ဖေဖော်ဝါရီ ၁ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်မာအေးတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ အမျိုးသမီးများနှင့် ကျန်းမာရေး လုပ်ငန်းများ၊ တီဘီရောဂါတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ၊ ညွှန်းပို့ရေးနှင့် ကူညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို ရှင်းလင်းဆွေးနွေးသည်။

အလွန်အားရ

ယင်းနောက် အကဲဖြတ်အဖွဲ့ဝင်များက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ဆောင်ချက် များသည် မြန်မာနိုင်ငံအနှံ့ မူဝါဒချမှတ်သူများ၊ ကျွမ်းကျင်သူ အတတ်ပညာရှင် အသိပညာရှင်များအပါအဝင် ရပ်ရွာပြည်သူလူထုအထိ ဆက်စပ်ဆောင်ရွက်နိုင်ကြောင်းသိရှိရ၍ အလွန်ပင် ကောင်းမွန်ပါကြောင်း၊ လူမှုရေးအဖွဲ့အစည်းများက အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်သော အတွေ့အကြုံများမှာ အလွန်အားရကျေနပ်ဖွယ်ဖြစ်ကြောင်း အကဲဖြတ်အဖွဲ့က ချီးကျူးပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဆုံးမစကားကို လေးစားပါ တရားတော် (ဓမ္မဒူတဒေါက်တာအရှင် ပညိဿရဆရာတော်)
၈:၀၀	နည်းပညာသစ်ဆန်း ပြည်တွင်းလျှပ်စစ်ရဲ့အစွမ်း
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	နိုင်ငံတကာအနုပညာရေးရာ
၉:၀၀	ဒေသဖွံ့ဖြိုးတိုးတက်စေမည့် ဒုဠ္ဌဝတီ
၉:၁၅	ကယားရိုးရာ ဝတ်စားဆင်ယင်မှုပြကွက်
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	Midweek Sports News
၉:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	မေတ္တာနေခြည်အောက်မှ ကရုဏာပန်းကလေးများ (ရွှေဂုံတိုင် ကလေးပြုစုရေးဌာန)
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅	အရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀	မမေ့နိုင်စရာရှမ်းရိုးရာ အစားအစာ
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	အာဟာရနှင့် ကျန်းမာရေး (သတ္တုဓာတ်နှင့် ဗီတာမင်များအကြောင်း)[ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)]
၁၂:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၁၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမပုညခင်နှင့် တွေ့ဆုံခြင်း)
၁၂:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅	ကျက်သရေတင့်တယ်လှစေမယ် (အပိုင်း–၁)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

International Friendly England ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	England - Spain	5-Sports(Live)



ပုဂံညောင်ဦးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၆

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၄ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဓမ္မသုခကျောင်းတိုက် မှန်ကျောင်း ရွှေနှင်းဆီဓမ္မဗိမာန်တော်၌ကျင်းပရာ နာယကဦးဘစောက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးသိန်းအောင်က အသင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြပြီး အသင်းဝင် သက်ကြီးပုဂ္ဂိုလ် ၄၅ဦးအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင် အသင်းဝင်တို့၏ သားသမီး ၁၄ဦးအား ပညာရည်ချွန်ဆုချီးမြှင့်ကြသည်။

(အပေါ်ပုံ) (က–ပ)

နှိုးဆော်ထား

ပုဂံညောင်ဦးမြို့နယ် အသင်းက ဖေဖော်ဝါရီ ၁၁ရက်တွင် ညောင်ဦး အထက၌ ပညာရေးငွေပဒေသာပင်စိုက်ထူပွဲနှင့် သင်ထောက်ကူပစ္စည်း ထောက်ပံ့လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ရာ စေတနာရှင်များနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC)၌ ကျင်းပမည်ဖြစ်၍ အစည်းအဝေးသို့ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ဆရာဝန်အသင်းက ကြီးမှူး၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ပံ့ပိုးမှုဖြင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်ကို ဖေဖော်ဝါရီ ၉ရက်နှင့် ၁၀ရက် တွင် နံနက် ၉နာရီမှ ညနေ ၄နာရီ အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဝင်းအတွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပွဲတော်တွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ ဗဟုသုတ အဖြာဖြာရရှိနိုင်ရန် ပြခန်းငယ်များ၊ ဗီဒီယိုပြကွက်များ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအဆင့်ဆင့်နှင့် ဆုပေးပွဲ၊ အမေးအဖြေကဏ္ဍ၊ စားသောက်ဆိုင်များနှင့် ရန်ပုံငွေ ရှာဖွေရေးအစီအစဉ်များပါရှိမည်ဖြစ်ပြီး စိတ်ဝင်စားသူမည်သူမဆို လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✧ မြန်မာနိုင်ငံမှ

အဆိုပါသဘောထားကြေညာချက်များအနက် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၏ သဘောထားကြေညာချက်၊ ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း၏ သဘောထားကြေညာချက်အပြည့်အစုံတို့မှာ အောက်ပါအတိုင်းဖြစ်သည်– (သတင်းစဉ်)

မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတို့၏ ခရစ်ယာန်သာသနာရေးဆိုင်ရာ သဘောထားထုတ်ပြန်ချက်

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များသည် သခင်ခရစ်တော်၏အဆုံးအမကို ဦးထိပ်ထား၍ သခင်ဘုရားအလိုတော်ရှိသည့်အတိုင်း မဟာကရုဏာ မေတ္တာတော်ကိုအခြေခံသော ငြိမ်းချမ်းမှု၊တရားမျှတမှု၊ သစ္စာရှိမှုတို့ကို ပြန့်ပွားစေရေးအတွက် လက်တွဲဆောင်ရွက်နေပါသည်။

ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ စည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်စေသောကိစ္စရပ်များဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတို့သည် လက်တွဲ၍ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် တိုင်ပင်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ခရစ်ယာန်အသင်းတော်၏ အခြေခံမှုဖြစ်သော စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်ကိုမဆို လက်ခံနိုင်မည် မဟုတ်ပါ။

ယခုတလော၌ မြန်မာနိုင်ငံသားများနှင့် ခရစ်ယာန်များ အကျိုးစီးပွားအတွက်ဟု အမည်တပ်၍ ပြည်ပအဖွဲ့အစည်းအချို့မှ လှုပ်ရှားဆောင်ရွက်နေသည်ဟု သိရှိရပါသည်။ ထိုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီနှင့်သော်လည်းကောင်း လုံးဝပါဝင်ပတ်သက်ခြင်း မရှိပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၂၀၀၇–ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်
ရန်ကုန်

မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့်
မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ

➪ **အမေရိကန်မှ**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်(Resolution) ချမှတ်နိုင်ရေးအတွက် အဆိုပြုချက်မူကြမ်း တင်သွင်းခဲ့ကြောင်း၊ ထိုရက်မတိုင်မီ ဇန်နဝါရီလ ၉ ရက်နေ့တွင် NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှလေးကြိမ်၊ ဗြိတိန်သံရုံးမှတစ်ကြိမ် လာရောက်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့နောက် ဇန်နဝါရီလ ၁၀ရက်နေ့၌လည်း NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ သုံးကြိမ်အထိ လာရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းနောက် ဇန်နဝါရီလ ၁၁ရက်နေ့၌ NLDဌာနချုပ်က အထူးကြေညာချက်ဆိုသည်ကို ထုတ်ပြန်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေး ဆွေးနွေးနေမှုအပေါ် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအားလုံး ထောက်ခံကြရန် တိုက်တွန်းခဲ့သည်ကို တွေ့ရှိရကြောင်း။

ယင်းဖြစ်စဉ်ကိုကြည့်ပါက NLD ဗဟိုအနေဖြင့် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏သံရုံးများမှတစ်ဆင့် ကြိုးကိုင်စေခိုင်းမှုအတိုင်း အချိန်ကိုက် ဟန်ချက်ညီလိုက်ပါ ကပြအသုံးတော်ခံလျက်ရှိသည်ဟူသောအချက်မှာ ပိုမိုပေါ်လွင်ထင်ရှားနေကြောင်း၊ NLD ဗဟိုနှင့် အဆိုပါသံရုံးနှစ်ခု ဝင်ထွက်သွားလာဆက်သွယ်မှုမှာ ၁၀စုနှစ်ပင်ရှိခဲ့ပြီဖြစ်ကြောင်း၊ NLD ၏ လုပ်ရပ်မှာ နိုင်ငံခြား တိုင်းတစ်ပါးတို့၏ ကြိုးဆွဲရာကနေရသည့် နယ်ချဲ့သြဇာခံရုပ်သေးရုပ်သဖွယ်ဖြစ်နေကြောင်း၊ NLD ဗဟို၏ အနောက်နိုင်ငံကြီးများအပေါ် အားထားမှီခိုမှုလွန်ကဲနေသည့် အဆိုပါလုပ်ဆောင်ချက်အမှားများကြောင့် NLD ပါတီ၏ ရှေ့အလားအလာမှာ ကျဆုံးခန်းတိုင်နေပြီ ဆိုရမှာဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်သုံးသပ်ပြောကြားနေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန် ကလျာဏယုဝ ခရစ်ယာန်အသင်း

အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်။

“ကားတိုင်ထမ်းရွက်ခြင်း” အစီရင်ခံစာနှင့် ပတ်သက်၍ ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း၏ သဘောထားအမြင်

၁။ အင်္ဂလန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide CSW)မှ “ကားတိုင်ထမ်းရွက်ခြင်း”ဟု ခေါ်တွင်သော မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ နှိပ်ကွပ်ခံရခြင်းနှင့် ပတ်သက်သော အစီရင်ခံစာတစ်ရပ်ကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်းကို ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းက သတိပြုမိခဲ့ပါသည်။ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်များသည် ကန့်သတ်ချုပ်ချယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ နှိပ်ကွပ်ခြင်းအမျိုးမျိုးတို့ကို ခံစားနေရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံရှိ လူမျိုးစုငယ်များနှင့် ဘာသာရေးအဖွဲ့အစည်းများအပေါ်၌ ရန်လိုမုန်းတီးစိတ်ရှိကြောင်း ဖော်ပြပါရှိပါသည်။

၂။ ထို့အပြင် ဗြိတိသျှပါလီမန်အမတ်အချို့တို့က ဦးဆောင်၍ ပဏာမအဆိုပြုချက်တစ်ရပ် (The Early Day Motion)ကို ထိုနေ့၌ပင် ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းအဆိုပြုချက်တွင် မြန်မာနိုင်ငံအတွင်း ဘာသာရေးလွတ်လပ်ခွင့်များ ချိုးဖောက်ခံနေရခြင်းများကို ကမ္ဘာ့ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးများချိုးဖောက်ခံရမှုနှင့်ပတ်သက်၍ မဖြစ်မနေလိုက်နာဆောင်ရွက်ရန် တာဝန်ရှိသော ဆုံးဖြတ်ချက် တစ်ရပ်ချမှတ်ပေးရေးကို တောင်းဆိုထားကြောင်း ဝမ်းနည်းဖွယ်တွေ့မြင်သတိပြုခဲ့ပါသည်။

၃။ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် အခြားသောလူနည်းစုဘာသာဝင်များသည် ဘာသာရေးယုံကြည်ချက်ကွဲပြားခြားနားသော်လည်း ရာစုနှစ်များစွာမှစ၍ အေးချမ်းညီညွတ်စွာ အတူတကွလက်တွဲ၍ နေထိုင်ခဲ့ကြသူများဖြစ်ကြောင်းကို ရန်ကုန် ကလျာဏယုဝ ခရစ်ယာန်အသင်းအနေဖြင့် ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံရှိ ဘာသာဝင်အားလုံးနှင့် လူမျိုးစုငယ်များတို့သည် မိမိတို့၏ယုံကြည်ချက်အတိုင်း လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုခွင့်၊ မိမိတို့၏ဘာသာရေးယုံကြည်ချက်ကို လွတ်လပ်စွာဖော်ထုတ်ဟောပြောခွင့်များရရှိနေသည်ကို တွေ့မြင်နိုင်ကြပါသည်။

၄။ သို့ဖြစ်ပါ၍ ကမ္ဘာ့ခရစ်ယာန်များ စည်းလုံးညီညွတ်ရေးအဖွဲ့(CSW) မှ “ကားတိုင်ထမ်းရွက်ခြင်း”အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ဘာသာရေးဆိုင်ရာ အေးချမ်းညီညွတ်မှု အခြေအနေကို အနှောင့်အယှက်ပြုရာရောက်သဖြင့် ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ကမ္ဘာ့ခရစ်ယာန်များစည်းလုံးညီညွတ်ရေးအဖွဲ့ (CSW) အနေဖြင့် မြန်မာနိုင်ငံရှိ ဘာသာဝင်များအချင်းချင်း အထင်အမြင်လွဲမှားမှု၊ တစ်ဦးနှင့်တစ်ဦးအယုံအကြည်ကင်းမဲ့မှုများ ပေါ်ပေါက်စေရန် ကြိုးပမ်းအားထုတ်မှုများကို မပြုလုပ်ပါရန် တိုက်တွန်းအပ်ပါသည်။

ဒေါက်တာဦးတင်လှ
ဥက္ကဋ္ဌ

ဒေါက်တာသာဉာဏ်
အထွေထွေအတွင်းရေးမှူး

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သာကေတတံတားဟောင်း ပြုပြင်မှုကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင်များဖြစ်ကြသည့် ဦးကျော်စိုးနှင့် ဦးညီညီ၊ ဌာနမှူးများဖြစ်ကြသော ဦးဗိုလ်ဌေး၊ ဦးလင်းထွန်းမြင့်၊ ဦးအောင်စိုးသန်းတို့ လိုက်ပါ၍ ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရှိ အောဘီစီ ကတ္တရာကွန်ကရစ်ဖျော်စက်နှင့် ကျောက်ခွဲစက်သို့ ရောက်ရှိပြီး ကတ္တရာကွန်ကရစ်နှင့် ကျောက်အရွယ်အစားမျိုးစုံ ကြိတ်ခွဲထုတ်လုပ်နေမှု၊ ကတ္တရာ၊ သဲနှင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ် ဆက်သွယ်သည့် ငမိုးရိပ်ချောင်းဖြတ် သာကေတတံတားဟောင်းသို့ သွားရောက်ကာ အောက်ခံသံထည်များ လဲလှယ်မည့် အခြေအနေနှင့် ကြမ်းခင်းသစ်များ ပြန်လည်ခင်းကျင်းရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဒေါပုံမြို့နယ်သို့ သွားရောက်ကာဒေါပုံမြို့နယ် ကွန်ကရစ်ကတ္တရာဖျော်စက်နှင့် ကျောက်ခွဲစက်၌ လုပ်ငန်းဆောင်ရွက်နေမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အလေအလွင့်မရှိစေရေး စနစ်တကျဖြင့် လျာထားချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းထုတ်လုပ်ရေး မှာကြားခဲ့ကြောင်း သိရသည်။ (၁၉)

သဲအင်းဂူတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)(၁၆)ရပ်ကွက် သာသနာဒီပ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်၌ အဓိဋ္ဌာန်တရားစခန်းပွဲကို ကျေးဇူးတော်ရှင်မူလ သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ပိုင်း)၊ ဘဒ္ဒန္တဇဋိလ (ရန်မျိုးအောင်) ဘဒ္ဒန္တသီရိန္ဒ၊ အရှင်သုနန္ဒ (သာသနာဒီပဆရာတော်များ)က ဖေဖော်ဝါရီ ၁၆ရက်မှ ၂၀ရက်အထိ ငါးရက်တိုင်ဟောကြား ပို့ချပြသမည်ဖြစ်သည်။ ဝင်ရောက်အားထုတ်လိုသူများ တပို့တွဲလကွယ်နေ့ ညနေအရောက် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း–၇၀၉၈၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၂၃)

စက်မှု(၁)ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၁ရက်မှ ဖေဖော်ဝါရီ ၂၁ရက်အထိ ရန်ကုန်မြို့ အလုံမြို့နယ် သီရိမင်္ဂလာအားကစားကွင်း၌ နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီ၊လက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေါ့ဆမှုကြောင့် မြို့နယ်အချို့၌ မီးလောင်မှုများ ဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၆

ကရင်ပြည်နယ် မြဝတီမြို့ (၅)ရပ်ကွက် ဝါးထောလမ်းနေ ဦးငွေထွန်း၏ မြေစိုက်တဲအိမ်၌ ဖေဖော်ဝါရီ ၁ ရက် ညနေ ၅နာရီခန့်တွင် ဓာတ်ဆီပုံး လဲလှယ်ရာ အနီးရှိ မီးဖိုမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားရာ တဲ ၁၁ လုံး မီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးသည်။

အလားတူ ပျဉ်းမနားမြို့ ပေါင်းလောင်းရပ်ကွက် (၁၉)လမ်းနှင့် သဇင်လမ်းထောင့်ရှိ ဦးမြင့်သိန်းပိုင် “အောင်ကောင်း” လျှပ်စစ်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်၌ ဖေဖော်ဝါရီ ၄ရက် နံနက် ၁နာရီ ၄၅မိနစ်ခန့်တွင် မီးအားမြင့်စက်မှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံနှင့် ဆိုင်အတွင်းရှိပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၁၅၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးသည်။

ထို့အတူ ဧရာဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့ မြို့ဝင်လမ်း၊ ပန်းတနော်တံတားထိပ်၊ ဆည်မြောင်းတာဘေးနေ ဒေါ်တင်တင်ဦး၏ လူနေအကြော်တဲ၌ဖေဖော်ဝါရီ ၄ ရက် နံနက် ၂ နာရီခန့်တွင် မီးဖိုမီးကြွင်း မီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ တဲတစ်လုံး မီးလောင်ခံရပြီး ငွေကျပ် ၁၀၀၀၀ ဖိုးခန့်ဆုံးရှုံးသည်။

ပဲခူးတိုင်း ပဲခူးမြို့ သွန်းဘုရားရပ်ကွက် (၁၀)လမ်း အမှတ်(၉၁)နေ ဦးတင်စိုး၏ နှစ်ထပ်အိမ်၌ ဖေဖော်ဝါရီ ၄ရက် နံနက်၁နာရီ၄၅မိနစ်ခန့်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံးမီးလောင်ခံရပြီး ခြောက်ဦးမီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၃၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

ချစ်ကြည်ရေးခြေစမ်းဘောလုံးပွဲ အူလ်ဆန်က စီးပွား/ကူးသန်းကိုအနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ မြန်မာလိဂ်အဆင့်မြင့်တန်းမှ စီးပွားကူးသန်းအသင်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ အူလ်ဆန်တက္ကသိုလ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အူလ်ဆန်တက္ကသိုလ်အသင်း – နှစ်ဂိုး
(နံပါတ်–၂၃ HAN WOOK နှင့် နံပါတ်–၁၉ AN YOUNG JRN)
စီးပွား/ကူးသန်းအသင်း – တစ်ဂိုး
(မင်းသူ)
ဒိုင်လူကြီး – ဦးစိုးမိုးကျော်

အူလ်ဆန်အသင်းမှာ ယနေ့ပွဲတွင်လည်း အချိတ်မိမိ အတွဲညီညီဖြင့် ခြေစွမ်းပြကစားသွားပြီး စီးပွားကူးသန်းအသင်းကို အနိုင်ယူသွားသည်။ စီးပွား/ကူးသန်းအသင်းတွင် အိုလံပစ်အသင်း၌ပါဝင်နေသူ မျိုးမင်းထွန်း၊ မိုးဝင်း၊ အောင်မျိုးသန့်နှင့် ရာဇာဝင်းသိန်းတို့ လေးဦးနှင့် ဒဏ်ရာရနေသည့် ဘိုဘိုအောင်၊ ဇော်မိုးထက်(ဂိုး)၊ မျိုးဇော်ထွန်း၊ ကျော်ကျော်ထွန်းစသည့် အမာခံရှစ်ဦး မပါဝင်နိုင်၍ အားလျော့ခဲ့ရသည်။

စီးပွား/ကူးသန်းအသင်းတွင် ဝါရင့်ကစားသမားများဖြစ်သည့် မင်းသူ၊ ဇော်လင်းထွန်း၊ ကျော်ဝင်းနှင့်တင်မင်းထွန်းတို့ကဦးဆောင်၍ လူငယ်၊လူသစ်ကစားသမားများ ပွဲအတွေ့အကြုံရစေရန် ပွဲထုတ်ကစားခဲ့သည်။ အူလ်ဆန်တက္ကသိုလ်အသင်းမှာ ဘဏ္ဍာ/အခွန်အသင်းနှင့် ကစားခဲ့သည့်ပထမပွဲ လူစာရင်းမှ ခြောက်ဦးပြန်လည်ပါဝင်လာပြီး ငါးဦးအပြောင်းအလဲကစားခဲ့သော်လည်း ခြေစွမ်းမှာအပြောင်းအလဲမရှိဘဲ ဟန်ချက်ညီညီ ကစားနိုင်ခဲ့သည်။

ပွဲစကတည်းက စီးပွား/ကူးသန်းဘက်သို့ အူလ်ဆန်အသင်းက ဖိကစားခဲ့ပြီး သေချာပေါက်ဂိုးရနိုင်သော အခွင့်အရေး ခြောက်ကြိမ်အနက်တစ်ကြိမ်သာ အသုံးချနိုင်ခဲ့သည်။ ၄၄မိနစ်တွင် နံပါတ် ၂၃ HAN WOOKဂိုးရှေ့ဖြတ်ပို့သော ဘောလုံးမှာ စီးပွားကူးသန်းမှ မျိုးလှိုင်ဦးနှင့်ထိပြီး လမ်းကြောင်းပြောင်းကာ ဂိုးထဲဝင်သွား၍ အူလ်ဆန် ဂိုးစတင်ရရှိသွားသည်။ အူလ်ဆန်အသင်း၏ ဂိုးသွင်းမှုများမှာ တိုင်ထိ၊ ဘားထိထွက်ခြင်း၊ ဂိုးပေါက်မတည့်ခြင်းတို့ကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့်သာ ဦးဆောင်နေသည်။

ဒုတိယပိုင်းအစတွင် စီးပွား/ကူးသန်းအသင်းက တိုက်စစ်အားမြှင့်လာရာ ငါးမိနစ်တွင် ပြစ်ဒဏ်ဘောကို မင်းသူတိုက်ရိုက်ကန်သွင်းရာ အူလ်ဆန်နောက်ခံလူတစ်ဦးနှင့်ထိပြီး ဝင်သွား၍ စီးပွားကူးသန်းအသင်း ချေပဂိုးရရှိသွားသည်။

အူလ်ဆန်အသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်း ၃၉မိနစ်တွင် ကွင်းလယ်မှ ဂိုးရှေ့ကန်တင်ပေးသောဘောလုံးကို နံပါတ် ၁၉ AN YOUNG JRNက စီးပွား/ကူးသန်းနောက်ခံလူ ဇော်လင်းထွန်းနှင့် ဂိုးသမား သီဟစည်သူတို့ ပိတ်ဆို့ ကာကွယ်ထားသည့်ကြားမှ ခေါင်းတိုက်ပြီး သွင်းယူသွားခြင်းဖြစ်သည်။

စီးပွား/ကူးသန်းအသင်းတွင် ဂိုး–တင်ယု (သီဟစည်သူ)၊ နောက်တန်း–ဇော်လင်းထွန်း(ဂျေရဲနိုင်)၊ မင်းကိုကို၊ ဇော်ခါ၊ ချမ်းချမ်း (မန်းကျော်ထူး)၊ အလယ်တန်း–မင်းသူ၊ အောင်ရဲထွဋ် (ဇော်ဇော်အောင်)၊ မျိုးလှိုင်ဦး (ဟိန်းဇာထွန်း)၊ တင်မင်းထွန်း (ဝင်းသိန်းဦး)၊ စထက်နိုင်ဝင်း (အောင်အောင်ဟိန်း)၊ ရှေ့တန်း–ကျော်ဇင်ဝင်းတို့ ပါဝင်ကစားသွားကြသည်။

ပွဲအပြီးတွင် စီးပွား/ကူးသန်းအသင်း လက်ထောက်အုပ်ချုပ်သူ ဦးမြင့်သိန်းက "ဘဏ္ဍာ/အခွန်နှင့် ကစားခဲ့သောပွဲကိုကြည့်ပြီးကတည်းက အူလ်ဆန်အသင်းမှာ ဘောလုံးပညာ၊ အရပ်အမောင်းနှင့် ကြံ့ခိုင်မှုများကောင်းတာကို တွေ့ခဲ့ရကြောင်း၊ ဒီလိုကောင်းသည့် အသင်းမျိုးနှင့် အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ပြင်ဆင်ခဲ့ပါကြောင်း၊ အမာခံကစားသမားများမပါသော်လည်း ဝင်ကစားခဲ့ရသည့် လူငယ်လူသစ်ကစားသမားများမှာ အတွေ့အကြုံအများကြီး ရရှိခဲ့ပါကြောင်း၊ တစ်ဂိုးစီသရေဖြစ်သင့်သော်လည်း မိမိတို့၏ အမှားတစ်ချက်ကြောင့် အူလ်ဆန်အသင်း အနိုင်ဂိုးရသွားခြင်းဖြစ်ကြောင်း၊ယခုကစားခဲ့သောပွဲမှ ရရှိခဲ့သော နိုင်ငံတကာပွဲအတွေ့အကြုံကြောင့် ပြည်တွင်းပွဲစဉ်များတွင်များစွာ အကျိုးရှိပါကြောင်း" ပြောကြားသွားသည်။

နည်းပြချုပ် ဦးညဏ်ဝင်းက "မိမိတို့ အသင်းနှင့် အူလ်ဆန်အသင်း ကစားပုံမှာ မတူပါကြောင်း။ အူလ်ဆန်အသင်းက ကွင်းလယ်တွင် အဝေးပေးများဖြင့်ကစားပြီးမှ တိုက်စစ်တွင် အပေးအယူ စိပ်စိပ်ဖြင့် ကစားကာ ဂိုးရရန်ကြိုးစားကြောင်း၊ မိမိတို့က အနီးပေးများဖြင့် ကစားပြီးမှ တိုက်စစ်ရောက်မှ ခပ်ကျဲကျဲ ကစားကြောင်း၊ ဒီလိုဘောလုံးပညာများ၊ နည်းစနစ်ကောင်းသည့် အူလ်ဆန်အသင်းနှင့်ကစားခဲ့ရ၍ နောက်တွင် နိုင်ငံတကာပွဲများကစားရလျှင် ဘယ်လိုကစားရမယ်၊ ကိုယ့်ထက်ကောင်းသည့် အသင်း၊ အရပ်အမောင်းသာသည့် အသင်းတွေနှင့်တွေ့လျှင် မည်သို့ယှဉ်ပြိုင်ရမယ်ဆိုတာ သိခဲ့ရပါကြောင်း၊ စာတွေ့သင်တာထက် ယခုလိုလက်တွေ့ တွေ့ကြုံကစားခဲ့ရ၍ များစွာအကျိုးရှိပါကြောင်း" ပြောကြားသွားသည်။

ဖေဖော်ဝါရီ ၇ ရက် (ယနေ့)ညနေ ၄ နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ပေကျင်းအိုလံပစ်ခြေစစ်ပွဲပထမအကျော့အဖြစ်အိမ်ရှင်မြန်မာအိုလံပစ်ဘောလုံးအသင်းနှင့်အိန္ဒိယအိုလံပစ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

သတင်း–ညီညီစိုးညွန့်
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

"ကစားသမားများကို စာတွေ့သင်တာထက် ယခုလို လက်တွေ့တွေ့ကြုံကစားခဲ့ရ၍ ပိုပြီး အတွေ့အကြုံရစေပါကြောင်း" စီးပွား/ကူးသန်းနည်းပြချုပ် ဦးညဏ်ဝင်း ပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

စီးပွား/ကူးသန်း နောက်ခံလူများဖြစ်ကြသည့် မင်းကိုကိုနှင့် ဇော်လင်းထွန်းတို့ ပိတ်ဆို့ကာကွယ်ထားသည့်ကြားမှ အူလ်ဆန်အသင်း ထိုးဖောက်တိုက်စစ်ဆင်စဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

အင်တာနက်အားကစားသတင်းများ

မိုက်ကယ်ဘောလက် ဝေဖန်မှုကို အလေးမထား

လန်ဒန် ဖေဖော်ဝါရီ ၆

ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်၏ စွမ်းဆောင်ချက်နှင့်ပတ်သက်၍ ဝေဖန်မှုများ ပေါ်ထွက်လျက်ရှိသော်လည်း ယင်းဝေဖန်မှုများကို ၎င်းကအလေးမထားဘဲ ယနေ့ တုံ့ပြန်ပြောကြားလိုက်သည်။

အလန်ရှီးယားဝေဖန်

မိုက်ကယ်ဘောလက်အား နောက်ဆုံးဝေဖန်လိုက်သူမှာ အင်္ဂလန်တိုက်စစ်မှူး အလန်ရှီးယားဖြစ်သည်။ ဘောလက် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းအားထုတ်ရဦးမည်ဖြစ်ကြောင်း အလန်ရှီးယားက ပြောကြားခဲ့သည်။

မိမိ၏ရပ်တည်ချက်ကို ပြသရန် လုံလောက်သည့်အချိန်လိုအပ်ကြောင်း၊ မိမိအားမည်သို့ပင်ဝေဖန်ကြစေကာမူ မိမိ အလေးမထားကြောင်း ဘောလက်က ဒေးလီးမေးလ်သတင်းစာသို့ ပြောကြားသည်။

အချိန်ယူရန်လိုအပ်

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံနှစ်ထပ်ကွမ်းအသင်းဖြစ်ကြောင်း၊ အထူးသဖြင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံးနီးပါးသို့ ရောက်ရှိနေချိန်တွင် မိမိတို့ ဖွဲ့နပဲကိုမလျှော့ကြောင်း၊ အချိန်ယူရန်သာလိုအပ်ကြောင်း ဘောလက်ကပြောကြားသည်။ **အင်တာနက်။**

ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် **ချယ်လ်ဆီးအသင်းမှ မိုက်ကယ်ဘောလက်(ဝဲ)နှင့် ချာလ်တန်အသင်းမှ ဂျာရမီသောမတ်တို့အား တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

ဂျိုနသန်ဝုဒ်ဂိတ်အား အပြီးတိုင်ခေါ်ယူရန် သဘောတူ

မဒရစ် ဖေဖော်ဝါရီ ၆

မစ်ဒယ်ဘရော့ဒ်အသင်းတွင် အငှားချစာချုပ်အရ ပါဝင်ကစားနေသူ ဂျိုနသန်ဝုဒ်ဂိတ်သည် အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ယင်းအသင်းသို့ လုံးလုံးလျားလျား ပြောင်းရွှေ့နိုင်ပြီဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျိုနသန်ဝုဒ်ဂိတ်အား အပြီးတိုင်လွှဲပြောင်းပေးအပ်ရေးအတွက် ရီးယဲလ်မဒရစ်အသင်းနှင့် မစ်ဒယ်ဘရော့ဒ်အသင်းတို့ သဘောတူညီချက် ရရှိပြီဖြစ်ကြောင်း စပိန်နိုင်ငံအခြေစိုက် အဆိုပါအသင်းက ထုတ်ပြန်ကြေညာသည်။

အင်္ဂလိပ် ကွင်းလယ်ဘောလုံးသမား ဝုဒ်ဂိတ်(၂၇)နှစ်သည် မစ်ဒယ်ဘရော့ဒ်အသင်း၏ အမြဲတမ်းဘောလုံးသမားဖြစ်လာခြင်းဖြင့် အောင်မြင်သည့် ဘောလုံးသမားဖြစ်လာရန် လမ်းပွင့်သွားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဝုဒ်ဂိတ်သည် ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် နယူးကာဆယ်အသင်းမှ ရီးယဲမဒရစ်အသင်းသို့ ရွှေ့ပြောင်းခဲ့သည်။
အင်တာနက်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ရရှိမှု အခြေအနေ

လန်ဒန် ဖေဖော်ဝါရီ ၆

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ ဖေဖော်ဝါရီ ၆ ရက်နေ့အထိ အသင်းများအမှတ်ရရှိမှု အခြေအနေမှာအောက်ပါအတိုင်းဖြစ်သည်–

အဆင့်	အသင်း	အမှတ်
၁	မန်ချက်စတာယူနိုက်တက်	၆၃
၂	ချယ်လ်ဆီး	၅၇
၃	လီဗာပူး	၅၀
၄	အာဆင်နယ်	၄၆
၅	ဘော်လ်တန်	၄၄
၆	ရီးဒင်း	၄၀
၇	ပို့စ်မောက်	၃၈
၈	အဲဗာတန်	၃၆
၉	ဘလက်ဘန်း	၃၄
၁၀	နယူးကာဆယ်	၃၃
၁၁	စပါး	၃၃
၁၂	မစ်ဒယ်ဘရော့ဒ်	၃၂
၁၃	အက်စ်တန်ဗီလာ	၃၂
၁၄	ဖူလ်ဟမ်	၃၂
၁၅	မန်စီတီး	၃၀
၁၆	ရှက်ဖီးလ်	၂၇
၁၇	ဝီဂန်	၂၅
၁၈	ဝက်စ်ဟမ်း	၂၀
၁၉	ချာလ်တန်	၂၀
၂၀	ဝပ်ဖို့ဒ်	၁၅

အင်တာနက်။

အသက်(၁၄)နှစ်အောက် အာရှဇုန် (၂) တင်းနစ်ပြိုင်ပွဲ ဒုတိယပွဲစဉ်တွင် အောင်ကျော်နိုင် ထပ်မံ၍ ရွှေတံဆိပ်ဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ဖေဖော်ဝါရီ ၆ ရက်အထိ ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့၌ ကျင်းပသော အသက်(၁၄)နှစ်အောက် အာရှဇုန် (၂) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ကျော်နိုင် (ကမာရွတ်မြို့နယ် အမှတ်–၄ အခြေခံပညာအထက်တန်းကျောင်း)က တစ်ဦးချင်းပြိုင်ပွဲ၌ ထပ်မံ၍ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးသည်။

ပြိုင်ပွဲ၏ ဒုတိယပွဲစဉ် အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ မျိုးဆက်သစ်လူငယ်လက်ရွေးစင် အောင်ကျော်နိုင်က မလေးရှားမှ Mohamad Khan ကို (၆–၃)၊ (၆–၃)နှစ်ပွဲပြတ် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ဆုကို ထပ်မံ၍ဆွတ်ခူးသည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်မာထွေးအတွဲက ဒုတိယငွေတံဆိပ်ဆုကို ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုကိုဆွတ်ခူးသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ အုပ်ချုပ်/နည်းပြတစ်ဦး စုစုပေါင်းလေးဦး စေလွှတ်ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်းဆုတံဆိပ်ငါးခု ဆွတ်ခူးကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ဓာတ်လမ်းပမာ ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မှုန်ရွှေရည်ရေးသားသည် "နီးနီးလေး" ဓာတ်လမ်းကို ဦးသန်းလှိုင်သစ် ဘာသာပြန်ဆိုပြီး Just Nearအင်္ဂလိပ်ဘာသာဓာတ်လမ်းအဖြစ် မြန်မာ့အသံရေဒီယိုအင်္ဂလိပ်ပိုင်းအစီအစဉ်မှ ဖေဖော်ဝါရီ ၁၂ ရက် (တနင်္လာနေ့) ည ၉နာရီတွင် ထုတ်လွှင့်မည်ဖြစ်သည်။ ယင်းဓာတ်လမ်း၌ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဆွေဇင်ထိုက်၊ အကယ်ဒမီလူမင်းနှင့်စတီရီယိုအဆိုတော်နွဲ့ယဉ်ဝင်းတို့က ပါဝင်သရုပ်ဆောင်ထားကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် ဘာသာအားလုံး လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုခွင့်ရှိ မိမိတို့၏ဘာသာရေးယုံကြည်ချက်ကို လွတ်လပ်စွာ ဖော်ထုတ်ဟောပြောခွင့်များရရှိနေ

မြန်မာနိုင်ငံသားများနှင့် ခရစ်ယာန်များအကျိုးစီးပွားအတွက်ဟုအမည်တပ်၍ ပြည်ပအဖွဲ့အချို့လှုပ်ရှားဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့်သော်လည်းကောင်း မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီနှင့်သော်လည်းကောင်း လုံးဝပါဝင်ပတ်သက်ခြင်းမရှိ

ကမ္ဘာ့ခရစ်ယာန်များစည်းလုံးညီညွတ်ရေးအဖွဲ့ (CSW)၏အစီရင်ခံစာသည် လုံးဝမှားယွင်းနေ မြန်မာနိုင်ငံ၏ဘာသာရေးဆိုင်ရာ အေးချမ်းနေမှုအခြေအနေကို အနှောင့်အယှက်ပြုရောက်သဖြင့် ဝမ်းနည်းဖွယ်ရာဖြစ် ဘာသာဝင်များအချင်းချင်း အထင်အမြင်လွဲမှားအောင် ကြိုးပမ်းအားထုတ်မှုမပြုလုပ်ရန် တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြစွပ်စွဲချက်များကို မဟုတ်မမှန် လုပ်ကြံဖန်တီးထုတ်လွှင့်လျက်ရှိသည်။

လုပ်ကြံဖန်တီး

အမေရိကန်အစိုးရက ၎င်းတို့နှစ်စဉ်ထုတ်ပြန်သည့် ဘာသာရေးလွတ်လပ်ခွင့်မရှိသော နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံကို အမြဲထည့်သွင်းပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိသကဲ့သို့ ၎င်း၏လက်ဝေခံအဖွဲ့အစည်းများ၊ လက်ပါးစေပုဆိန်ရိုးများကိုလည်း မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဘာသာရေးဆိုင်ရာသတင်းအချက်အလက် အမှားများကို လုပ်ကြံဖန်တီးပေးပို့ထုတ်လွှင့်စေလျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity World-wide-CSW) ကလည်း ၂၃-၁-၂၀၀၇ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘာသာဟူသမျှကို လွတ်လပ်စွာအတူတကွ ယှဉ်တွဲကိုးကွယ်နိုင်သည့်ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် ကိုယ်တိုင်ကိုယ်ကြပ်မျက်ဝါးထင်ထင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြသော မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်၊အစ္စလာမ်၊ ဟိန္ဒူဘာသာရေးဆိုင်ရာအသင်းအဖွဲ့များက အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားကြေညာချက်များကို အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✧

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က NLD ဗဟိုဌာနချုပ်သို့ နေ့စဉ်ဝင်ထွက်ဆက်သွယ်နေ ၂၀၀၇ခုနှစ် ဇန်နဝါရီလအတွင်း ၎င်းသံရုံးနှစ်ခုမှ NLD ဌာနချုပ်သို့ (၃၄)ကြိမ် လာရောက်တွေ့ဆုံခဲ့

ပြည်တွင်းပါတီဝင်များ၏ဆန္ဒသဘောထားကို အလေးမထားဘဲ ထိုနိုင်ငံကြီးနှစ်ခုကို အားကိုးမှီခိုလွန်းနေသော NLD ၏ ရှေ့အလားအလာသည် ကျဆုံးခန်းတိုင်နေပြီဟု ပြည်သူလူထုက ဝေဖန်ပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ပြည်တွင်းမှ ပါတီဝင်တို့၏သဘောထားကို အလေးဂရုမပြုဘဲ ပြည်ပနိုင်ငံများ (အထူးသဖြင့် အနောက်တိုင်းနိုင်ငံကြီးများ)ကိုသာ အားကိုးမှီခိုလွန်းခြင်း၊ အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား တစ်မျိုးသားလုံးကို နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ ပို့ဆောင်နေခြင်း၊ ဒီမိုကရေစီ အခြေခံမူဝါဒလမ်းစဉ်ကို ပစ်ပယ်ခြင်း စသည့် လုပ်ရပ်အမှားများကို ဆက်တိုက်ကျူးလွန်နေသဖြင့် NLD မှ ပါတီဝင်အများအပြား တဖွဲဖွဲနုတ်ထွက်လျက်ရှိကြောင်း သတင်းများရရှိသည်။

ယင်းသို့ အမျိုးသားရေးအကျိုးစီးပွားပျက်သုဉ်းအောင် စဉ်ဆက်မပြတ်လုပ်ဆောင်နေသော NLD ဗဟို၏ လုပ်ရပ်များကို အမျိုးသားရေးအကျိုးစီးပွားဘက်မှ ရပ်တည်တုံ့ပြန်သွားရန်အတွက် NLDမှ နုတ်ထွက်ခဲ့သူများက ယခုအခါ ဝံသာနု NLD (ပြည်ထောင်စု မြန်မာနိုင်ငံ)အဖွဲ့ကို ဖွဲ့စည်းထူထောင် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ထို့အတူ အများပြည်သူတို့ကလည်း NLD ၏ လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်သုံးသပ် အကဲဖြတ်နေကြရာ အထူးသဖြင့် ရန်ကုန်မြို့၊ အနောက်ရွှေဂုံတိုင်လမ်းရှိ NLDဌာနချုပ်နှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့၏ ဝင်ထွက်သွားလာမှုနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများကို သတိပြုမိနေကြကြောင်း သတင်းရရှိသည်။

ယင်းသို့ သတိပြုမိနေကြသော ပြည်သူများက–

ယခု ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း၌ NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ (၂၉)ကြိမ်၊ ဗြိတိန်သံရုံးမှ (၅)ကြိမ် စုစုပေါင်း (၃၄)ကြိမ် လာရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့လာရောက်ရာတွင် သံတမန်များ၊ သံရုံးဝန်ထမ်းဆိုသူများက NLD ဌာနချုပ်ရုံးအတွင်း၌ NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု ကြားသိရကြောင်း၊ ထိုသံရုံးများမှပေးပို့သော စာအိတ်ကြီးငယ်များကိုလည်း NLDဌာနချုပ်က လက်ခံရယူနေသည်ကို တွေ့ရှိရကြောင်း။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨